# Module 7.1: Community Theater II
# အစီအစဉ် (၇.၁) - လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ် (၂)

**Purpose of Session:** To introduce the components of a community theater performance.
**အစီအစဉ်၏ ရည်ရွယ်ချက်**: လူမှုအဖွဲ့အစည်းဆိုင်ရာပြဇာတ် တင်ဆက်မှုတစ်ခု၏အစိတ်အပိုင်းများအား မိတ်ဆက်ရန်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ကျွမ်းကျင်မှုများ၊ သင်ကြားရေးနည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session participants will be able to:<br>• Describe the main characters needed for a community theater performance.<br>• Explain the format of a community theater.<br>• Demonstrate the community theater format. | ဤအစီအစဉ်၏ရလဒ်အဖြစ် သင်တန်းသူ၊ သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ် တင်ဆက်မှုအတွက် လိုအပ်သော အဓိက ဇာတ်ကောင်များကို ဖော်ပြနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တစ်ခု၏ ပုံစံကို ရှင်းပြနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တစ်ခု၏ ပုံစံကို သရုပ်ပြနိုင်လိမ့်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session the participants will practice the following skills:<br>• Communication<br>• Sharing ideas<br>• Cooperation<br>• Analysis<br>• Presentation | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ပါကျွမ်းကျင်မှုများကို လေ့ကျင့်ရမည် ဖြစ်သည်။<br>• ဆက်သွယ်ပြောဆိုခြင်း<br>• အိုင်ဒီယာစိတ်ကူးများ မျှဝေခြင်း<br>• အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း<br>• ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်း<br>• တင်ပြခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session the participants will practice the following methodologies:<br>• Drawing<br>• Group discussion and presentation<br>• Demonstration | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ သင်ကြားရေးနည်းပညာများ ကို လေ့ကျင့်ကြရမည်။<br>• ပုံဆွဲခြင်း<br>• အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် တင်ပြခြင်း<br>• သရုပ်ဖော် ပြသခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Handouts:** | **စေ၀ေစာရွက်များ** |
|---|---|
| In this session participants will use the following hand outs:<br>• 7.1.1 The Main Characters<br>• 7.1.2 The Community Theater Format<br>• 7.1.3 The Mock Community Theater Roles | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ပါတို့ကို အသုံးပြုရမည်။<br>• ၇.၁.၁ အဓိက ဇာတ်ကောင်များ<br>• ၇.၁.၂ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ် ပုံစံ<br>• ၇.၁.၃ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ် နမူနာတွင် ပါဝင်သော အခန်းကဏ္ဍများ |

| **OPEN SESSION** | **(5 mins)** |
|---|---|
| **အဖွင့်အစီအစဉ်** | **(၅ မိနစ်)** |

Tell participants that during this session they will continue to focus on Community Theater.
သင်တန်းသူ၊သားများအား ဤအစီအစဉ်အတွင်း ၎င်းတို့သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်ကို ဆက်လက် အလေးပေးသွားမည်ကို ပြောပါ။
Read and explain the outcomes for the session.
အစီအစဉ် ရလဒ်များကို ဖတ်၍ ရှင်းပြပါ။

| **REVIEW** | **(10 mins)** |
|---|---|
| **ပြန်လည်လေ့လာခြင်း** | **(၁၀ မိနစ် )** |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants: "Do you remember our role play in the beginning of the last session?" (If participants, seem confused or do not remember, perform it for them again. See Session 6.3 for the role play dialogue.)
- သင်တန်းသူ၊သားများအား "ပြီးခဲ့သည့် နောက်ဆုံးအစီအစဉ်၏ အစမှာပါဝင်တဲ့ သရုပ်ဆောင်တင်ဆက်မှုကို မှတ်မိပါသလား"ဟု မေးပါ။ (အကယ်၍ သင်တန်းသူ၊သားများက ရောနေလျှင် (သို့) မမှတ်မိလျှင် ထိုပြဇာတ်အား ထပ်မံ၍ တင်ဆက်ပေးပါ။ သရုပ်ပြရာတွင်သုံးသည့် ဒိုင်ယာလော့ ပြောစကားများအား အစီအစဉ် ၆.၃ တွင် ကြည့်ပါ။)
- Ask participants what they learned about Community Theater from this role play. (Participants should recall that the role play was a dramatic introduction that invited them to watch the theater, that the main character in the play would have a problem he/she could not solve, and that they (the audience) would be invited to help solve the problem.)
- ဤသရုပ်ပြတင်ဆက်မှုမှ လူမှုအဖွဲ့အစည်းဆိုင်ရာပြဇာတ်အကြောင်း ဘာတွေလေ့လာခဲ့ ပါသနည်းဟု သင်တန်းသူ၊သားများအား မေးပါ။ (သင်တန်းသူ၊သားများအား ဤသရုပ်ဖော် တင်ဆက်ခြင်းသည် ထူးခြားကောင်းမွန်သော ဇာတ်ဟန်ပါပါ မိတ်ဆက်ခြင်းတစ်ခု ဖြစ်ကြောင်း ပြောပြပါ။
  ထိုသို့ မိတ်ဆက်ခြင်းတွင် ၎င်းတို့အား (ပရိသတ်အား) ပြဇာတ်ကိုလာရောက်ကြည့်ရှုရန် ဖိတ်ကြားခြင်း၊ ပြဇာတ်ထဲတွင် ပါဝင်သော အဓိကဇာတ်ကောင်၌ ၎င်းမဖြေရှင်းနိုင်သော ပြဿနာတစ်ခု ရှိနေကြောင်း နှင့်၎င်းတို့အား (ပရိသတ်အား) ကူညီ ဖြေရှင်းပေးရန် ဖိတ်ခေါ်ခြင်းများ ပါဝင်ရမည်။)
- Tell participants that during this session they are going to focus on the components or parts of a community theater.
- သင်တန်းသူ၊သားများအား ဤအစီအစဉ်၌ ၎င်းတို့သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တစ်ခု၏ အစိတ်အပိုင်းများကို အလေးထား လေ့လာကြမည် ဖြစ်ကြောင်း ပြောပါ။

| ACTIVITY 1: THE MAIN CHARACTERS | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - အဓိက ဇာတ်ကောင်များ** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To understand the duties of the main characters.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - အဓိက ဇာတ်ကောင်များ၏တာဝန်များကို နားလည်စေရန်။<br><br>**Methodology:** Group Discussion, Drawing and Presentation<br>**သင်ကြားရေးနည်းစနစ် -** အဖွဲ့လိုက် ဆွေးနွေးခြင်း၊ ပုံဆွဲခြင်း နှင့် တင်ပြခြင်း<br><br>**Materials:** Flipchart paper and markers<br>**သင်ထောက်ကူပစ္စည်းများ -** စာရွက်ဖြူကြီး နှင့် မာကာများ<br><br>**Handout (s):** Handout 7.1.1 The Main Characters (cut into 4 pieces-one for each group)<br>**ဝေငှစာရွက် (များ) -** ဝေငှစာရွက် ၇.၁.၁ အဓိက ဇာတ်ကောင်များ (အုပ်စုတစ်စုစီအတွက် အပိုင်း ၄ ပိုင်းဖြတ်ပါ။) | |

**Instructions**
**ညွှန်ကြားချက်များ**

- Tell participants that they will first focus on the main characters or actors in the community theater.
- သင်တန်းသူ၊သားများအား ၎င်းတို့သည် ပထမဦးစွာ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်ထဲမှ အဓိက ဇာတ်ကောင်များကို အလေးထားထား လေ့လာကြမည်ဟု ပြောပါ။
- Divide participants into 4 groups.
- သင်တန်းသူ၊သားများအား အဖွဲ့ (၄) ဖွဲ့ ခွဲပါ။
- Give each group one of the characters from Handout 7.1.1.
- ဝေငှစာရွက်၇.၁.၁ ထဲမှ ဇာတ်ကောင်တစ်ခုစီကို အဖွဲ့တစ်ဖွဲ့စီအား ပေးပါ။
- Ask the group to discuss the character and create a drawing that depicts the character's role in the community theater. (10 minutes)
- အဖွဲ့များအား ဇာတ်ကောင်အကြောင်းဆွေးနွေးစေပြီး လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တွင်ပါဝင်သည့်ဇာတ်ကောင်၏ အခန်းကဏ္ဍကို သရုပ်ဖော်ပုံ ရေးဆွဲဖန်တီးစေပါ။ ( ၁၀ မိနစ်)
- Ask each group to present their drawing and explain the purpose of the character. (5 minutes)
- အဖွဲ့တစ်ဖွဲ့စီအား ၎င်းတို့ဆွဲထားသည့်ပုံကို တင်ပြစေပြီး ထိုဇာတ်ကောင်၏ ရည်ရွယ်ချက်ကို ရှင်းပြစေပါ။ (၅ မိနစ်)
- Tape the drawings to the wall for future reference in this session.
- ဤအစီအစဉ်တွင် ရည်ညွှန်းချက်အဖြစ် ပြန်လည်ကြည့်ရှုနိုင်ရန်အတွက် ပုံများကိုနံရံပေါ်တွင် တိတ်ဖြင့်ကပ်ထားပါ။

**Closing Activity**
**အပိတ်လှုပ်ရှားမှု**

Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ပါမေးခွန်းတို့ကို မေးပါ။

- Who has the most important role?
- မည်သူက အရေးအကြီးဆုံး ဇာတ်ကောင်နေရာက ပါဝင်သနည်း။
- Why is it important that each main character have an ally?
- အဓိကဇာတ်ကောင်တစ်ယောက်စီတွင် မဟာမိတ်တစ်ယောက်ရှိနေခြင်းဟာ အဘယ့်ကြောင့်အရေးကြီးပါသ နည်း။
- What skills does a person need to have to be a good host (joker)?
- အစီအစဉ်းမှူးကောင်း (ဂျိုကာ) တစ်ယောက်ဖြစ်လာရန် မည်သို့သော ကျွမ်းကျင်မှုများ လိုအပ်ပါသနည်း။

| Notes to facilitators |
|---|
| **နည်းပြများအတွက် မှတ်စုများ** |

| |
|---|
| The allies play an important role in supporting the two main characters. They can be used during the replay scenes to influence the action to take a different course.<br>မဟာမိတ်များသည် အဓိကဇာတ်ကောင်(၂) ယောက်လုံးကို အထောက်အပံ့ပေးနေသည့် အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်ပါသည်။ ၎င်းတို့အား ဇာတ်ကွက်အား ပြန်လည် ပြသသောအခါ အသုံးပြုနိုင်ပါသည်။ မူလ ဇာတ်လမ်းမှ မတူညီသော လမ်းကြောင်းကို လုပ်ဆောင်ရာတွင် လွှမ်းမိုးနိုင်သောကြောင့် ဖြစ်သည်။ |

| ACTIVITY 2: THE COMMUNITY THEATER FORMAT | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၂ - လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်ပုံစံ** | **(၂၀ မိနစ်)** |

| |
|---|
| **Purpose of Activity:** To understand the format of community theater.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ ပုံစံအား နားလည်စေရန်။<br><br>**Methodology:** Group discussion<br>**သင်ကြားရေးနည်းစနစ် -** အဖွဲ့လိုက် ဆွေးနွေးခြင်း<br><br>**Materials:** Flipchart paper and markers<br>**သင်ထောက်ကူ ပစ္စည်းများ -** စာရွက်ဖြူကြီး နှင့် မာကာများ<br><br>**Handout (s):** Handout 7.1.2 The Community Theater Format (cut into 4 pieces-one for each group)<br>**ဝေငှစာရွက် (များ)** - ဝေငှစာရွက် ၇.၁.၂ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ် ပုံစံ ((အုပ်စုတစ်စုစီအတွက် အပိုင်း ၄ ပိုင်း ဖြတ်ပါ။) |

**Instructions**
**ညွှန်ကြားချက်များ**

Tell participants that they are now going to examine the format (or steps or stages) of a Community Theater.
သင်တန်းသူ၊သားများအား ၎င်းတို့သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တစ်ခု၏ ပုံစံ (အဆင့်များ)ကို စစ်ဆေးသွားမည်ဟု ပြောပါ။

- Ask participants to remain in the same four groups.
- သင်တန်းသူ၊သားများအား မိမိတို့၏ အဖွဲ့အတိုင်း ဆက်လက်ထိုင်နေရန် ပြောပါ။
- Give each group one of the steps from Handout 7.1.2.
- အဖွဲ့တစ်ဖွဲ့စီအား ဝေငှစာရွက် ၇.၁.၂ ထဲမှ အဆင့် တစ်ဆင့်စီကို ပေးပါ။
- Give each group a piece of flipchart paper and a marker.
- အဖွဲ့တစ်ဖွဲ့စီအား စာရွက်ဖြူကြီး နှင့် မာကာတစ်ခု ပေးပါ။
- Ask groups to discuss the handout and list the key ideas on a piece of flipchart paper. (5 mins)
- အဖွဲ့များအား ဝေငှစာရွက်ကိုဆွေးနွေးစေပြီး စာရွက်ဖြူကြီးပေါ်တွင် အဓိက အိုင်ဒီယာများကို ချရေးစေပါ။ (၅ မိနစ်)
- Ask each group to present their step and tape their flipchart on the wall for reference in the next activity. (10 minutes for presentation)
- အဖွဲ့တစ်ဖွဲ့စီအား ၎င်းတို့ဆွေးနွေးထားသော အဆင့်များကိုတင်ပြစေပြီး နောက်ထပ်လှုပ်ရှားမှုတွင် လေ့လာနိုင်စေရန်အတွက် နံရံပေါ်တွင် စာရွက်ဖြူကို ကပ်စေပါ။ ( ပြင်ဆင်ချိန် (၁၀) မိနစ်)

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants to refer to the flipcharts and ask the following questions:
သင်တန်းသူ၊သားများအား စာရွက်ဖြူကြီးကို ပြန်ရည်ညွှန်း၍ အောက်ပါ မေးခွန်းများကို မေးပါ။

- How is community theater different than regular theater?
- လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်သည် ရိုးရိုးပြဇာတ်နှင့် ဘယ်လိုကွာခြားမှု ရှိပါသလဲ။

- What step do you think is most important?
- မည်သည့် အဆင့်သည် အရေးကြီးဆုံး ဖြစ်သည်ဟု သင်ထင်ပါသနည်း။
- How can you encourage your audience to fully participate in your Community Theater?
- သင်၏ ပရိတ်သတ်များအား သင့်လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တွင် လုံးဝအပြည့်အဝ ပါဝင်လာနိုင်စေရန် သင် မည်သို့ အားပေးမည်နည်း။

| ACTIVITY 3: COMMUNITY THEATER DEMONSTRATION | (30 mins) |
|---|---|
| **လုပ်ရှားမှု ၃ - လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အား သရုပ်ပြခြင်း** | **(၃၀ မိနစ်)** |

**Purpose of Activity:** To demonstrate a mock community theater.
**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်ပုံစံငယ်တစ်ခုအား သရုပ်ပြ ဖော်ပြပေးရန်။

**Methodology:** Demonstration
**သင်ကြားရေးနည်းစနစ် -** သရုပ်ပြခြင်း

**Materials:** None
**သင်ထောက်ကူပစ္စည်းများ -** မရှိပါ။

**Handout (s):** Handout 7.1.3: The Mock Community Theater Roles (cut into strips)
**ဝေငှစာရွက်(များ) -** ဝေငှစာရွက် ၇.၁.၃ နမူနာ ဇာတ်လမ်းပုံစံငယ်အတွက်ဇာတ်ကောင်များ အားတာဝန်ပေးခြင်း (စာရွက်ပိုင်း ဖြတ်ထားပါ။)

**Instructions**
**ညွှန်ကြားချက်များ**

Tell participants that they are now going to put the actors and format together in a mock community theater.
သင်တန်းသူ၊သားများအား ၎င်းတို့သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်ပုံစံငယ်တွင် ပါဝင်သော သရုပ်ဆောင်များ နှင့် ပုံစံများကို လေ့လာကြမည် ဖြစ်ကြောင်း ပြောပါ။

- Ask for 6 volunteers (three men and three women) to come to the front of the room.
- သင်တန်းခန်းမ၏ အရှေ့သို့ ဇော်လံတီယာ (၆) ယောက် (သင်တန်းသူ(၃)ဦးနှင့် သင်တန်းသား(၃)ဦး) လာရန်ပြော ပါ။
- Give each volunteer a role and ask them to read it quietly to themselves. Ask if they have any questions.
- ဇော်လံတီယာ တစ်ယောက်ချင်းစီအား ဇာတ်ကောင်တစ်နေရာစီ ပေး၍ တိတ်ဆိတ်စွာ ဖတ်ရန် ပြောပါ။ ၎င်းတို့တွင် မေးမြန်းရန် မေးခွန်း ရှိ၊ မရှိ မေးပါ။
- Tell the remainder of the participants that they will be audience as the volunteers demonstrate a mock community theater.
- ကျန်သည့် သင်တန်းသူ၊သားများအား ဇော်လံတီယာများ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်ပုံစံငယ်တွင် သရုပ် ဆောင်သောအခါ ၎င်းတို့သည် ပရိတ်သတ်များ ဖြစ်လိမ့်မည်ဟု ပြောပါ။
- Ask the volunteers if they are ready.
- ဇော်လံတီယာများ အဆင်သင့်ဖြစ်ပြီလားဟု မေးပါ။
- Remind the host to start by making the dramatic introduction which introduces the theater and tells the audience how they should participate. (20 minutes)
- အစီအစဉ်မှူးအား ထူးခြားကောင်းမွန်သော ဇာတ်ဟန်ပါပါ မိတ်ဆက်ခြင်း မျိုးဖြင့် ပြဇာတ်အား မိတ်ဆက်ပေးရန် နှင့် ပရိတ်သတ်များအား မည်သို့ ပါဝင်သင့်သည်ဟု ပြောရန် သတိပေးပါ။ (မိနစ် ၂၀)

**Notes to facilitators**
**သင်တန်းနည်းပြများအတွက် မှတ်စုများ**

You may need to encourage the volunteers to make up their performance as they go along. Tell them that this is just pretend and they are not expected to be perfect. You may need to step in or suggest ideas to help the volunteers create a problem. You may also need to coach the host or joker so that he/she stops the action and invites audience participation.
သင်သည် ဇော်လံတီယာများအား ၎င်းတို့၏တင်ဆက်မှုကို ပြုလုပ်ရန်အားပေးပါ။ ၎င်းတို့သည် ဤပြဇာတ်၌ ဟန်ဆောင် သရုပ်ဆောင်ကြခြင်းဖြစ်ပြီး ၎င်းတို့အားပြီးပြည့်စုံသည့် သရုပ်ဆောင်များကဲ့သို့ ဖြစ်ရမည်ဟု မမျှော်လင့်ထားကြောင်း ပြောပြပါ။ သင်တန်း နည်းပြမှ ဇော်လံတီယာများ ပြဿနာတစ်ခု ဖန်တီးရာတွင် ကူညီ၍ အကြံဉာဏ်များ ပေးနိုင်ပါသည်။ ထို့ပြင် သင်တန်းနည်းပြမှ အစီအစဉ်မှူး (သို့) ဂျိုကာအားလည်း ပံ့ပိုး နည်းပြပေးရန် လိုအပ်ပါသည်။ ထိုမှသာ အစီအစဉ်မှူးက သရုပ်ဆောင်မှုအား ရပ်စေပြီး ပရိတ်သတ် ပါဝင်မှု ရှိစေရန် ဖိတ်ကြားနိုင်မည် ဖြစ်သည်။

**Debrief (10 mins)**
**ပြန်လည် သုံးသပ်ခြင်း (၁၀ မိနစ်)**
Ask each of the 6 volunteers the following questions:
ဇော်လံတီယာ ၆ ယောက်မှ တယောက်ချင်းစီအား အောက်ပါမေးခွန်းများကို မေးပါ။
- How did you experience your role?
- သင်၏ အခန်းကဏ္ဍမှ မည်သည်တို့ ကြုံတွေ့ခဲ့ရပါသနည်း။
- What was easy? What was difficult?
- ဘယ်အရာတွေက လွယ်ကူပါသနည်း။ ဘယ်အရာတွေက ခက်ခဲပါသနည်း။

Ask the audience:
ပရိသတ်များကို မေးပါ။
- Who was the protagonist?
- မည်သူက ဇာတ်လိုက် ဖြစ်သနည်း။
- Who was the antagonist?
- မည်သူက ရန်ဘက် ဖြစ်သနည်း။
- As a member of the audience, what advice can you give the actors?
- ပရိသတ်တယောက်အနေဖြင့် သရုပ်ဆောင်များကို မည်သည့် အကြံဉာဏ်များ ပေးနိုင်ပါသနည်း။
- What did you learn about conducting a community theater from watching this demonstration?
- ဤသရုပ်ပြသခြင်းကို ကြည့်ရှုပြီးနောက် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တစ်ခု ကျင်းပခြင်းအကြောင်းအား သင်ဘာတွေ လေ့လာခဲ့ပါသနည်း။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း | ( ၅ မိနစ်) |

Ask participants the following questions:
သင်တန်းသူ၊သားများအား အောက်ပါ မေးခွန်းများကို မေးပါ။
- What rule of law principles do you think would be good topics for Community Theater?
- လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အတွက် မည်သည့်တရားဥပဒေစိုးမိုးရေးမူဝါဒများသည် အကောင်းဆုံးခေါင်းစဉ်များဖြစ်ပါသနည်း။
- How can community theater help protect people's rights?
- လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်သည် လူ့အခွင့်အရေးအား မည်သို့ ကာကွယ်ပေးပါသနည်း။
- Do you think community theater would be a good way to discuss difficult or sensitive problems? If yes, please explain.
- လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်သည် ခက်ခဲသော ပြဿနာများ (သို့) ထိရှလွယ်သော ပြဿနာများအား ဆွေးနွေးရန်အတွက် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်ပါသလား။

# Handout 7.1.1: The Main Characters
# ဝေငှစာရွက် (၇.၁.၁) - အဓိကဇာတ်ဆောင်များ

**Group 1:**

The Joker (also called "The Host") ဂျိုကာ (အစီအစဉ်မှူးဟုလည်း ခေါ်သည်။)

The joker is the host of the community theater. He/she is responsible for starting the show, explaining how it works, and inviting the audience to participate. The joker is an ally of the audience. As the ally, he/she is always watching to make sure that the audience is engaged with the theater.

The Joker speaks directly to the public, determines the order of sequences to the theater as requested by the public, and stops the replay of a scene when the essential part seems to have been told. The Joker encourages the public to say what they really think and to propose solutions.

**အုပ်စု (၁)**

ဂျိုကာသည် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ အစီအစဉ်မှူး ဖြစ်သည်။ သူ/သူမသည် ပြပွဲအား စတင်ခြင်း၊ ပြပွဲမည်သို့ ကျင်းပမည်ကို ရှင်းပြပေးခြင်း နှင့် ပရိတ်သတ်များအား ပါဝင်ကြရန် ဖိတ်ကြားခြင်းတို့ ပြုလုပ်ရန်အတွက် တာဝန်ရှိပါသည်။ ဂျိုကာသည် ပရိတ်သတ်၏ မဟာမိတ် ဖြစ်ပါသည်။ ထို့ကြောင့် သူ/သူမသည် ပရိတ်သတ်နှင့် ပြဇာတ်ပွဲ အချိတ်အဆက် မိမမိကို သေချာအောင် စောင့်ကြည့်နေရပါသည်။

ဂျိုကာသည် အများပြည်သူကို တိုက်ရိုက်စကားပြောသည်၊ အများပြည်သူများ တောင်းဆိုသည့်အတိုင်း ပြဇာတ်၏ အစီအစဉ်ပြန်ချရာတွင် ဆုံးဖြတ်ပေးသည်၊ ပြကွက်တစ်ခု၏ ပြန်လည်ပြသရာတွင် အဓိကကျသည့် အပိုင်းကို ပြောရန် လိုအပ်သည်ဟုထင်ရသည့် အချိန်တွင် ရပ်စေသည်။ ဂျိုကာက အများပြည်သူကို ၎င်းတို့ အမှန်တကယ် မည်သို့ ထင်မြင်သည် နှင့် အဖြေများကို အဆိုပြုကြရန် အားပေးသည်။

**Group 2:**

**The Protagonist** The protagonist is the main character. The person around whom all the action is focused. In community theater, he/she will experience a difficult problem that he cannot solve.

**အုပ်စု (၂)**

**ဇာတ်လိုက်**

ဇာတ်လိုက်ဟူသည် အဓိက ဇာတ်ကောင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ ဘေးမှာရှိသော ဖြစ်ပျက်သမျှ ဇာတ်ကြောင်းကို အလေးပေးထားသည်။ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်တွင် သူ/သူမသည် ၎င်းမဖြေရှင်းနိုင်သော ခက်ခဲသည့် ပြဿနာတစ်ခုအား ကြုံတွေ့ရပါမည်။

**Group 3:**

**The Antagonist**

This is the person who stands in the way of the protagonist getting what he/she wants. The antagonist can also be thought of as an oppressor; however, he/she is not evil, but simply has bad information or is acting in error. His mind and opinions can be changed.

**အုပ်စု (၃)**

**ရန်ဘက်**

ဤပုဂ္ဂိုလ်သည် ဇာတ်လိုက် လိုချင်သော အရာတစ်ခု၏ လမ်းကြောင်းပေါ်တွင် ရပ်တည်ရသည့်သူ ဖြစ်သည်။ ရန်ဘက်အား ဖိနှိပ်ချုပ်ချယ်သူတယောက်အဖြစ်လဲ ယူဆကြသည်။ သို့သော်လည်း သူ/သူမသည် ဆိုးယုတ်သည့်သူ မဟုတ်ပါ။ ဒါပေမယ့် မကောင်းသတင်းတွေတော့ သူ့မှာ ရှိတယ် (သို့) သူက အမှားတွေကို လုပ်ဆောင်တဲ့သူလဲ ဖြစ်သည်။ သူ့စိတ်နှင့် အမြင်များသည်လည်း ပြောင်းလဲနိုင်ပါသည်။

**Group 4:**

**The Ally**

Both the antagonist and the protagonist should each have at least one ally. This is a lesser, supporting character that helps them. The ally can be thought of as a friend or sympathizer.

When planning your community theater, there can be multiple allies for the protagonist and antagonist. Often, allies will be a teacher, uncle, neighbor, counsellor, or a policeman/woman.

**အုပ်စု (၄)**

**မဟာမိတ်**

ဇာတ်လိုက်ရော ရန်ဘက်ပါ နှစ်ဖက်စလုံး၌ မဟာမိတ်များ ရှိပါသည်။ ဤမဟာမိတ်တို့သည် ဇာတ်လိုက်နှင့်ရန်ဘက်တို့ကို ကူညီရန်အတွက် အရေးပါမှု အနည်းဆုံး ဇာတ်ပို့နေရာမှ ပါဝင်ကြသည့်သူ ဖြစ်သည်။ မဟာမိတ်သည် သူငယ်ချင်းတယောက် (သို့) စာနာတတ်သူ တယောက်အဖြစ် ယူဆခံရသည်။

သင်၏ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်အား စီစဉ်နေစဉ်တွင် ဇာတ်လိုက်အတွက်ရော ရန်ဘက်အတွက်ပါ မဟာမိတ်များ များစွာ ရှိနိုင်ပါသည်။ မကြာခဏဆိုသလို မဟာမိတ်များသည် ကျောင်းဆရာ၊မတယောက်၊ ဦးလေး၊ အိမ်နီးချင်း၊ အကြံပေးသူ (သို့) ရဲသား/ရဲမေတယောက် ဖြစ်နေတတ်သည်။

Source: Act, Learn, and Teach, Theatre, HIV, and AIDS Toolkit for Youth in Africa, UNESCO-CCIVS Project at 7. Available at: http://unesdoc.unesco.org/images/0014/001492/149283e.pdf)

# Handout 7.1.2: The Community Theater Format
# ဝေငှစာရွက် (၇.၁.၂) - ပြဇာတ်နမူနာ ပုံစံငယ်

**Part 1:**

**The Model Play**

Community theater is meant to provoke the audience, make them feel outraged about an issue, and inspire the need for change. The model play is the first part of community theater. It should have a single, clear message that is portrayed indirectly[1]. When you create a model play, it is always useful to think in opposites. For instance, if you want to make a skit about good governance, you would do so by showing examples of bad governance. Remember that you want the audience to be outraged and want to change the outcome.
The play should be short.
The play should end with the main character not finding a solution to his/her problem.
The actors should stay on stage for Part 2.

**အပိုင်း ၁:**

**ပြဇာတ်နမူနာ ပုံစံငယ်**

လူမှုအဖွဲ့အစည်းဆိုင်ရာပြဇာတ်သည်သည် ပရိတ်သတ်ကို တုန့်ပြန်မှုတစုံတရာပေးစေရန်၊ ပြဇာတ်တွင်တင်ပြသော ကိစ္စရပ်ပြဿနာသည် ၎င်းတို့အားနာကြည်း၍ ယမ်းပုံမီးကျဖြစ်သလို ခံစားရစေရန်နှင့် အပြောင်းအလဲအတွက် လိုအပ်ချက်ရှိနေသည်ကို နှိုးကြွလာစေရန် ရည်ရွယ်သည်။ ပြဇာတ်နမူနာ ပုံစံငယ်သည် လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်၏ ပထမအပိုင်းဖြစ်သည်။ ပြဇာတ်နမူနာ ပုံစံငယ်သည် သွယ်ဝိုက်၍ သရုပ်ဆောင်ဖော်ပြသော ရှင်းလင်းသည့် သတင်းအမှာစကား (မက်ဆေ့ချ်)တစ်ခုသာ ဖြစ်ရမည်။ သင် ပြဇာတ်နမူနာ ပုံစံငယ်ကို ဖန်တီးသည့်အခါ ဆန့်ကျင်ဘက် တွေးတောခြင်းသည် အလွန်အသုံးဝင်ပါသည်။ ဥပမာ အားဖြင့်ဆိုလျှင် ကောင်းမွန်သော အုပ်ချုပ်မှုအကြောင်း ဇာတ်လမ်းတိုတစ်ခု ပြုလုပ်လိုလျှင် မကောင်းသော အုပ်ချုပ်မှုပုံစံဖြင့် ဥပမာပြသနိုင်ပါသည်။ သင်သည် ပရိတ်သတ်အား နာကျည်း၍ ယမ်းပုံမီးကျ ဖြစ်စေလိုပြီး ရလဒ်အား ပြောင်းလဲစေလိုသည်ကို သတိရပါ။
ပြဇာတ်သည် တိုရမည်။
ပြဇာတ်သည် အဓိက ဇာတ်လိုက်၏ ပြဿနာအား အဖြေရှာမရဘဲ ပြီးဆုံးရမည်။
သရုပ်ဆောင်များသည် အပိုင်း၂အတွက် စင်ပေါ်တွင် ရှိနေရမည်။

**Part 2:**

**Discussion with the audience**

After the model play, the host should ask the audience

- What happened?
- What is the main problem?
- What do they think about it?

It is important to allow the audience to talk about what happened in the play before asking them to come on stage.
The host then asks:
'What is the very first point in the play where the main character could have done something different?'
The audience decides on the first sequence to be replayed.
The host then asks:

- What would you like to think you would do, if you were in the main character's situation?
- What else do you think she could have tried? Who has an idea?

When a volunteer raises a hand. Instead of asking her to explain her idea, invite her on stage: 'Wonderful! Are you willing to come on stage to try out your idea? Where would you like to begin? Who do you want to meet?'

**အပိုင်း ၂**

**ပရိတ်သတ်များနှင့် ဆွေးနွေးခြင်း**

ပြဇာတ်နမူနာ ပုံစံငယ် ပြသပြီးနောက် အစီအစဉ်မှူးက ပရိတ်သတ်များအား အောက်ပါတို့ကို မေးပါမည်။

- ဘာဖြစ်သွားခဲ့သလဲ။
- အဓိက ပြဿနာက ဘာလဲ။
- သူတို့က အဲဒီပြဿနာကို ဘာလိုထင်သလဲ။

ပရိတ်သတ်များအား စင်ပေါ်သို့ တက်လာရန် မပြောခင် ပြဇာတ်ထဲတွင် ဘာဖြစ်ခဲ့သလဲ ဆိုသည်ကို ပြောခွင့်ပြုရန် အရေးကြီးပါသည်။

ထို့နောက် အစီအစဉ်မှူးမှ မေးပါမည်:

"ပြဇာတ်ထဲမှာ အဓိက ဇာတ်ကောင်က တစ်ခုခု ကွဲပြားတာ လုပ်ခဲ့တဲ့ ပထမဆုံး အချက်က ဘာဖြစ်သလဲ"

ပရိတ်သတ်မှ ပထမဇာတ်ကွက်ကို ပြန်လည်ပြသရန် ဆုံးဖြတ်ကြသည်။

ထို့နောက် အစီအစဉ်မှူးမှ ဆက်မေးပါသည်။

- သင်သာ အဓိကဇာတ်ကောင်ရဲ့ အခြေအနေမှာဆိုလျှင် ဘာလုပ်မယ်လို့ ထင်လဲ။
- သူမ အခြားဘာများ ထပ်လုပ်နိုင်သေးတယ်လို့ ထင်လဲ။ ဘယ်သူ့မှာ အိုင်ဒီယာ/အကြံဉာဏ် ရှိပါသလဲ။

ဗော်လံတီယာက လက်ထောင်သောအခါ သူမအား သူမ၏ အိုင်ဒီယာကို ရှင်းပြစေရန် တောင်းဆိုခြင်းအစား သူမအားစင်ပေါ်သို့ ဖိတ်ပြီး "ဝမ်းသာစရာပဲ။ မင်းရဲ့အိုင်ဒီယာကို စမ်းကြည့်ဖို့အတွက် စင်ပေါ်ကိုလာချင်ပါသလား။ မင်းဘယ်ကနေစ ချင်ပါသလဲ။ ဘယ်သူနဲ့ တွေ့ချင်ပါသလဲ။" ဟု မေးပါ။

**Part 3**

**Replaying the Scene**

The volunteer should be invited onto the stage to replay the scene. After the scene is replayed, the host should ask the following questions:

- What happened this time?
- What did she do?
- What strategy did she use?
- What impact did it have?
- Was it useful? Positive?
- Has the situation improved?

Ask if anyone has another idea. Invite them onstage to replay the scene.

After each replay, the host should lead a discussion.

**အပိုင်း ၃**

**ဇာတ်ကွက်အား ပြန်လည် ပြသခြင်း**

ဇာတ်ကွက်အား ပြန်လည် ပြသရန် ဗော်လံတီယာအား စင်ပေါ်သို့ ဖိတ်ကြားသည်။ ဇာတ်ကွက်အား ပြန်လည် ပြသပြီးနောက် အစီအစဉ်မှူးမှ အောက်ပါ မေးခွန်းများကို မေးပါသည်။

- ဤတစ်ကြိမ်၌ ဘာဖြစ်ခဲ့ပါသလဲ။
- သူမ ဘာလုပ်ခဲ့ပါသလဲ။
- မည်သည့် နည်းဗျူဟာအား သူမ အသုံးပြုခဲ့ပါသလဲ။
- မည်သည့် အကျိုးသက်ရောက်မှု ရှိခဲ့ပါသနည်း။
- အဲ့တာက အသုံးဝင်ပါသလား။ အကျိုးများတာရော ရှိခဲ့ပါသလား။

တခြား အိုင်ဒီယာများ ရှိပါသေးသလား ဟုမေးပါ။ ရှိလျှင် ထိုသူအားဇာတ်ကွက်အား ပြန်လည်ပြသရန် စင်ပေါ်သို့ ဖိတ်ကြားပါ။

ပြန်လည်ပြသမှု ပြီးဆုံးပြီးနောက် အစီအစဉ်မှူးက ဆွေးနွေးပွဲကို ဦးဆောင်ရမည်။

**Part 4**

**The Final Dialogue**

အပိုင်း ၄

နောက်ဆုံး ဒိုင်ယာလော့ခ် (စကားအချီအချပြောခြင်း)

After all volunteers have had a chance to perform, invite the public to express themselves on different aspects of the play. Ask them to share what they have seen and learned.

ဇာတ်လံတီယာအားလုံး တင်ဆက်ပြီးသွားသောအခါ အများပြည်သူအားလုံး (ကျန်ရှိနေသော သင်တန်းသူ၊သားများ) အား ပြဇာတ်၏ ကွဲပြားသော အစိတ်အပိုင်းပေါ်တွင် ၎င်းတို့၏အမြင်ကို ဖော်ပြရန်ဖိတ်ပါ။ ထို့နောက် ၎င်းတို့ ဘာတွေတွေ့ရှိ လေ့လာခဲ့သည်များကို မျှဝေပေးရန် ပြောပါ။

The host may want to ask:

- Which strategies do you think were most effective?
- What have been the learning points in this session?
- What is one word that sums up what you have experienced today?

အစီအစဉ်မှူးမှ အောက်ပါတို့ကို မေးပါ။

- မည်သည့် နည်းဗျူဟာသည် အကျိုးအရှိဆုံး ဖြစ်ပါသနည်း။
- ဤအစီအစဉ်မှ လေ့လာခဲ့သော အချက်များသည် အဘယ်နည်း။
- ယနေ့ သင်ကြုံတွေ့လေ့လာခဲ့ရသော အရာများကို စကားလုံး တစ်လုံးတည်းဖြင့် အနှစ်ချုပ်ပေးပါ။ ထိုစကားလုံး သည် အဘယ်နည်း။

## Handout 7.1.3: The Mock Community Theater Role
## ဝေငှစာရွက် (၇.၁.၃) - နမူနာ ဇာတ်လမ်းပုံစံငယ်အတွက်ဇာတ်ကောင်များ

**Su Su**

**The Protagonist**

Age 16. Very confident. She is of the new generation and believes young men and women should be treated equally and have the same opportunities. Su Su wants to be able to do everything her brother can do.

**စုစု**

**ဇာတ်လိုက်**

အသက် ၁၆ နှစ်။ မိမိကိုယ်ကို ယုံကြည်မှုရှိ။ သူမသည် မျိုးဆက်သစ်တစ်ယောကက်ဖြစ်ပြီး အမျိုးသားငယ်နှင့် အမျိုးသမီးငယ်တို့သည် တန်းတူညီမျှ ဆက်ဆံခံရသင့်ပြီး အခွင့်အရေး ညီတူညီမျှ ရရှိသင့်ကြောင်း ယုံကြည်သူ ဖြစ်သည်။ စုစုသည် သူမအစ်ကို လုပ်နိုင်သည့် အရာအကုန်လုံးကို မိမိလည်း လုပ်နိုင်ချင်သူ ဖြစ်သည်။

**U Phyo Win**

**The Antagonist**

Age 45. Father of Su Su. He is a very protective and traditional father. He believes that it is his job to keep Su Su safe. This includes not allowing her to go out in the evening with her brother or her friends. Su Su must wear traditional longyis when she leaves the house.

**ဦးဖြိုးဝင်း**

**ရန်ဘက်**

အသက် ၄၅။ စုစုအဖေ။ သူသည် အလွန်ကာကွယ်လွန်းပြီး သမရိုးကျဆန်သော ဖခင်ဖြစ်သည်။ သူသည် စုစုအား လုံခြုံဘေးကင်းစွာ ထားနိုင်ဖို့သည် သူ၏အလုပ်ဟု ယုံကြည်သူဖြစ်သည်။ ဤအရာ၌ စုစုအား သူမ၏အစ်ကို (သို့) သူမ၏ သူငယ်ချင်းများနှင့် ညနေများတွင် အပြင်ထွက်သည်ကို ခွင့်မပြုသည်များ ပါဝင်သည်။ စုစု အိမ်မှ အပြင်ထွက်လျှင်လည်း ရိုးရာလုံချည်ကို ဝတ်ဆင်ရသည်။

**Daw Sarah**

**Ally to U Phyo Win**

Age 45. Su Su's mother. She always agrees with her husband's decisions even if she thinks they are unfair. Her job as a wife is to support her husband.

**ဒေါ်ဆာရာ**

**ဦးဖြိုးဝင်း၏ မဟာမိတ်**

အသက် ၄၅။ စုစု မိခင်။ သူမသည် သူမမတရားဘူးဟု ထင်လျှင်တောင်မှ သူမယောကျ်ား၏ ဆုံးဖြတ်ချက်များကို အမြဲ သဘောတူသူ ဖြစ်သည်။ ဇနီးသည်အဖြစ် သူမ၏ တာဝန်မှာ သူမ ယောကျ်ားအား ထောက်ပံ့ကူညီပေးရန် ဖြစ်သည်။

**Ko Ko Win**

**Ally to Su Su**

Age 20. Brother of Su Su. He is a very popular and fun young man. He plays sports and is always invited to parties. His mother and father let him do as he pleases as long as he keeps his job at the mechanic shop.

**ကိုကိုဝင်း**

**စုစု၏ မဟာမိတ်**

အသက် ၂၀။ စုစု၏ အစ်ကို။ သူသည် အလွန်ကျော်ကြားသည့်သူ ဖြစ်ပြီး ပျော်ပျော်နေတတ်သည့် လူငယ်တစ်ယောက် ဖြစ်သည်။ သူက အားကစားလုပ်ပြီး ပါတီပွဲများသို့ ဖိတ်ကြားခံရသည့်သူ ဖြစ်သည်။ သူ၏ အမေနှင့် အဖေတို့သည် သူ၏ စက်ပြင်အလုပ်အား လုပ်နေသမျှ ကာလပတ်လုံး သူကြိုက်သလိုလုပ်ခွင့် ခွင့်ပြုထားသည်

**Host**

Your job is to direct the play. First do a dramatic introduction asking the audience to watch the show. When the show is over, ask the characters to stay on stage. Invite the audience to discuss what they saw. Ask the audience to give their opinion. It is also your job to invite a volunteer on stage to help Su Su solve her problem.

**အစီအစဉ်မှူး**

သင်၏ အလုပ်မှာ ပြဇာတ်အား ညွှန်ကြားရန် ဖြစ်သည်။ ပထမဦးဆုံး အလုပ်မှာ ပရိတ်သတ်အား ပြပွဲကို ကြည့်ရှုစေရန် တောင်းဆိုပြီး ဇာတ်ဟန်ပါပါဖြင့် မိတ်ဆက်ခြင်းဖြစ်သည်။ ပြပွဲပြီးဆုံးသွားလျှင် ဇာတ်ကောင်များကို စင်ပေါ်တွင် ဆက်လက်နေရန် ပြောပါ။ ပရိတ်သတ်များကို ၎င်းတို့ မြင်တွေ့ခဲ့ရသည်များကို ဆွေးနွေးရန်ဖိတ်ပါ။ ပရိတ်သတ်များအား ၎င်းတို့၏ ထင်မြင်ချက်ကို ပြောစေပါ။ စုစု၏ ပြဿနာကိုဖြေရှင်းပေးရန် ဇော်လံတီယာ လုပ်အားပေးတယောက်ကို ဖိတ်ကြားရန်မှာလည်း အစီအစဉ်မှူး၏ တာဝန်ဖြစ်သည်။

**Volunteer**

You know of a way to help Su Su solve her problem. When the host asks for a volunteer, you will go on stage and play a character that helps Su Su.

**ဇော်လံတီယာ**

စုစု၏ ပြဿနာကို ကူညီဖြေရှင်းပေးရန် သင်သည် နည်းလမ်းတစ်ခုကိုသိသည်။ အစီအစဉ်မှူးမှ ဇော်လံတီယာ တစ်ယောက်အားး ဖိတ်ကြားသောအခါ သင်က စင်ပေါ်သို့သွားပြီး စုစုအားကူညီပေးသည့် ဇာတ်ကောင်နေရာမှ ကပြရမည်ဖြစ်သည်။

# Module 7.2: Introduction to Advocacy
# အစီအစဉ် (၇.၂) - ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း မိတ်ဆက်

**Purpose of Session:** To introduce participants to the concept of advocacy.
အစီအစဉ်၏ ရည်ရွယ်ချက်: ဥပဒေရေးရာ အရေးဆို တင်ပြခြင်း သဘောတရား အား သင်တန်းသူ၊သားများအား မိတ်ဆက်ရန်

## Outcomes, Skills and Methodologies
## ရလဒ်များ၊ကျွမ်းကျင်မှုများ၊ သင်ကြားရေးနည်းစနစ်များ

| **Outcomes:** | **ရလဒ်များ** |
|---|---|
| As a result of this session, participants will be able to<br>• Define advocacy.<br>• Explain the importance of an advocacy strategy.<br>• List the ten questions needed to develop an advocacy strategy.<br>• Apply the ten questions to create an advocacy strategy. | ဤအစီအစဉ်၏ရလဒ်အဖြစ် သင်တန်းသူ၊သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။<br>• ဥပဒေရေးရာ အရေးဆို တင်ပြခြင်းအား အဓိပ္ပာယ် ဖွင့်ဆိုနိုင်လိမ့်မည်။<br>• ဥပဒေရေးရာ အရေးဆို တင်ပြဆိုခြင်း နည်းဗျူဟာ တစ်ခု၏ အရေးကြီးပုံကို ရှင်းပြနိုင်လိမ့်မည်။<br>• ဥပဒေရေးရာ အရေးဆို တင်ပြခြင်း နည်းဗျူဟာ တစ်ခု ရရှိရန်အတွက် လိုအပ်သော မေးခွန်း(၁၀)ခုကို စာရင်းပြုစု နိုင်လိမ့်မည်။<br>• ဥပဒေရေးရာ အရေးဆို တင်ပြခြင်းတစ်ခု ဖန်တီးနိုင် ရန်အတွက် မေးခွန်း(၁၀)ခုအား အသုံးချနိုင်လိမ့် မည်။ |

| **Skills:** | **ကျွမ်းကျင်မှုများ** |
|---|---|
| In this session the participants will practice the following skills:<br>• Communication<br>• Analysis<br>• Planning | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါ ကျွမ်းကျင်မှုများကို လေ့ကျင့်ရမည် ဖြစ်သည်။<br>• ဆက်သွယ်ပြောဆိုခြင်း<br>• ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း<br>• အစီအစဉ် ချမှတ်ခြင်း |

| **Methodologies:** | **သင်ကြားရေးနည်းစနစ်များ** |
|---|---|
| In this session the participants will practice the following methodologies:<br>• Brainstorming<br>• Group discussion<br>• Case scenario | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ဖော် ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြရမည်။<br>• ကြိုတင်ကြံဆ တွေးတောခြင်း<br>• အုပ်စုဖွဲ့ ဆွေးနွေးခြင်း<br>• အမှုဇာတ်ညွှန်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session participants will use the following hand outs:<br>• Handout 7.2.1 Definition of Advocacy<br>• Handout 7.2.2 What do we want<br>• Handout 7.2.3 Who can make it happen<br>• Handout 7.2.4 What do they need to hear<br>• Handout 7.2.5 Who do they need to hear it from<br>• Handout 7.2.6 How can we make sure they hear it<br>• Handout 7.2.7 What do we have<br>• Handout 7.2.8 What do we need<br>• Handout 7.2.9 How do we begin to take action<br>• Handout 7.2.10 How can we tell if it is working | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါတို့ကိုအသုံးပြုရမည်။<br>• ဝေငှစာရွက် ၇.၂.၁ ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း၏ အဓိပ္ပာယ်<br>• ဝေငှစာရွက် ၇.၂.၂ ကျွန်တော်တို့ ဘာလိုချင်သလဲ။<br>• ဝေငှစာရွက် ၇.၂.၃ မည်သူတွေက အကောင်အထည်ဖော်နိုင်သနည်း။<br>• ဝေငှစာရွက် ၇.၂.၄ ၎င်းတို့ဘာတွေကြားနာရန် လိုအပ်ပါသနည်း။<br>• ဝေငှစာရွက် ၇.၂.၅ မည်သူတွေထံမှကြားနာရန် လိုအပ်ပါသနည်း။<br>• ဝေငှစာရွက် ၇.၂.၆ သူတို့ ကြားခဲ့သည်ဆိုသည်ကို မည်သို့သေချာ သိနိုင်ပါမည်နည်း။<br>• ဝေငှစာရွက် ၇.၂.၇ ကျွန်တော်တို့တွင် ဘာရှိပါသလဲ။<br>• ဝေငှစာရွက် ၇.၂.၈ ကျွန်တော်တို့ ဘာလိုအပ်ပါသနည်း။<br>• ဝေငှစာရွက် ၇.၂.၉ ဥပဒေရေးရာ အရေးဆို တင်ပြခြင်းများဆောင်ရွက်ရန်အတွက် ကျွန်တော်တို့မည်သည်နေရာမှ စတင်ကြမည်နည်း။<br>• ဝေငှစာရွက် ၇.၂.၁၀ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အလုပ်ဖြစ်၊မဖြစ်ဆိုသည်ကို မည်သို့ ပြောနိုင်မည်နည်း။ |

| OPEN SESSION | (2 mins) |
|---|---|
| **အဖွင့်အစီအစဉ်** | (၂ မိနစ်) |

Review purpose and outcomes for this session.
အစီအစဉ်၏ ရည်ရွယ်ချက်နှင့် သင်ယူမှုရလဒ်များအား ပြန်လည် ပြောပြပါ။

| REVIEW | (3 mins) |
|---|---|
| ပြန်လည်လေ့လာခြင်း | (၃ မိနစ် ) |

Link the outcomes and activities in this session to what has been done in previous sessions.
ယခင်အစီအစဉ်တွင် ပြုလုပ်ခဲ့သောအရာများနှင့် ယခုအစီအစဉ်တွင်ရရှိလာမည့် ရလဒ်များနှင့် လှုပ်ရှားမှုများကို ချိတ်ဆက်ပါ။

| ACTIVITY 1: WHAT IS ADVOCACY | (20 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - ဥပဒေရေးရာ အရေးဆို တင်ပြခြင်းဆိုသည်မှာ အဘယ်နည်း။** | (၂၀ မိနစ်) |
| **Purpose of Activity**: To define advocacy.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ဥပဒေရေးရာ အရေးဆို တင်ပြခြင်းအား အဓိပ္ပာယ် ဖွင့်ဆိုရန်။<br><br>**Methodology:** Brainstorming and pair discussion<br>**သင်ကြားရေးနည်းစနစ် -** ကြိုတင်ကြံဆ တွေးတောခြင်း နှင့် နှစ်ယောက်တတွဲ ဆွေးနွေးခြင်း | |

| |
|---|
| **Handout:** Handout 7.2.1 Definition of Advocacy<br>**ဝေငှစာရွက်** - ဝေငှစာရွက် ၇.၂.၁ ဥပဒေရေးရာ အရေးဆို တင်ပြခြင်း၏ အဓိပ္ပာယ် |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to work in pairs. Tell participants to discuss with their partner the meaning of "advocacy".
- သင်တန်းသူ/သားများအား ၂ ယောက်တတွဲ အလုပ်လုပ်စေပါ။ ၎င်းတို့၏ ပါတနာနှင့် "ဥပဒေရေးရာ အရေးဆို တင်ပြခြင်း"၏ အဓိပ္ပာယ်ကို ဆွေးနွေးစေပါ။
- Ask pairs to write down a definition. (5 mins)
- အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ချရေးစေပါ။ (၅ မိနစ်)
- After five minutes, ask pairs to volunteer their answers. The co-facilitator should write on the whiteboard the definitions volunteered. (5 mins)
- အချိန် (၅) မိနစ် ကြာပြီးနောက် ၎င်းတို့၏အဖြေများကို ပြောစေပါ။ သင်တန်းသူ/သားများပြောသော ၎င်းတို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို တွဲဖက်နည်းပြမှ သင်ပုန်းပေါ်တွင် ရေးပါ။ (၅ မိနစ်)
- Facilitator should note common concepts.
- သင်တန်းနည်းပြမှ အများသဘော တူညီသော သဘောတရားများကို မှတ်ထားပါ။
- Give participants Handout 7.2.1.
- သင်တန်းသူ/သားများအား ဝေငှစာရွက် ၇.၂.၁ ကိုပေးပါ။
- Ask participants to compare their definition with Handout 7.2.1 (5 mins)
- သင်တန်းသူ/သားများအား ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား ဝေငှစာရွက် ၇.၂.၁ နှင့် နှိုင်းယှဉ်စေပါ။ (၅ မိနစ်)

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants the following questions:
သင်တန်းသူ/သားများအား အောက်ပါမေးခွန်းများ မေးပါ။

- What similarities did they see between their definition and the Handout?
- ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် နှင့် ဝေငှစာရွက်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့၌ မည်သည့်တူညီမှုတို့ကို တွေ့ရှိပါသနည်း။
- What differences did they see between their definition and the Handout?
- ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဝေငှစာရွက်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့၌ မည်သည့်ကွဲပြားမှုတို့ကိုတွေ့ရှိပါသနည်း။
- What part of the definition in the Handout did they find most useful or most important?
- ဝေငှစာရွက်တွင်ပါရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက်၏ မည်သည့်အပိုင်းသည် အသုံးဝင်ဆုံးဖြစ်ပြီး (သို့) အရေးအကြီးဆုံးအပိုင်း ဖြစ်သည်ကို ၎င်းတို့ တွေ့ရှိပါသနည်း။

| **ACTIVITY 2: DEVELOPING AN ADVOCACY STRATEGY** | **(30 mins)** |
|---|---|
| **လှုပ်ရှားမှု ၂ - ဥပဒေရေးရာ အရေးဆို တင်ပြခြင်း နည်းဗျူဟာ ဖွံ့ဖြိုးစေခြင်း** | **(၃၀ မိနစ်)** |
| **Purpose of Activity:** To understand the importance of an advocacy strategy and the nine questions you must ask to create an advocacy strategy.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - ဥပဒေရေးရာ အရေးဆို တင်ပြခြင်းဆိုင်ရာ နည်းဗျူဟာတစ်ခု၏ အရေးကြီးပုံနှင့် ထိုနည်းဗျူဟာ တစ်ခုကို ဖန်တီးရာတွင် မေးရမည့် မေးခွန်း ၉ ခုအား နားလည်စေရန်။<br><br>**Methodology:** Brainstorming, group discussion and presentation<br>**သင်ကြားရေးနည်းစနစ် - ကြိုတင်ကြံဆ** တွေးတောခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် တင်ပြခြင်း | |

**Handouts:**
Handout 7.2.2 What do we want
ဝေငှစာရွက် ၇.၂.၂ ကျွန်တော်တို့ ဘာလိုအပ်သလဲ။
Handout 7.2.3 Who can make it happen
ဝေငှစာရွက် ၇.၂.၃ မည်သူတွေက အကောင်အထည် ဖော်နိုင်သနည်း။
Handout 7.2.4 What do they need to hear
ဝေငှစာရွက် ၇.၂.၄ ၎င်းတို့ ဘာတွေ ကြားနာရန် လိုအပ်ပါသနည်း။
Handout 7.2.5 Who do they need to hear it from
ဝေငှစာရွက် ၇.၂.၅ ၎င်းတို့ မည်သူတွေထံမှ ကြားနာရန် လိုအပ်ပါသနည်း။
Handout 7.2.6 How can we make sure they hear it
ဝေငှစာရွက်၇.၂.၆ သူတို့ ကြားခဲ့သည် ဆိုသည်ကို မည်သို့ သေချာ သိနိုင်ပါမည်နည်း။
Handout 7.2.7 What do we have
ဝေငှစာရွက် ၇.၂.၇ ကျွန်တော်တို့တွင် ဘာရှိပါသလဲ။
Handout 7.2.8 What do we need
ဝေငှစာရွက် ၇.၂.၈ ကျွန်တော်တို့ ဘာလိုအပ်ပါသနည်း။
Handout 7.2.9 How do we begin to take action
ဝေငှစာရွက် ၇.၂.၉ ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းများ ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့မည်သည့်နေရာမှ စတင်ကြမည်နည်း။
Handout 7.2.10 How can we tell if it is working
ဝေငှစာရွက် ၇.၂.၁၀ ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အလုပ်ဖြစ်၊မဖြစ်ဆိုသည်ကို မည်သို့ ပြောနိုင်မည်နည်း။

**Materials:** Whiteboard and marker
**သင်ထောက်ကူပစ္စည်းများ** - သင်ပုန်း နှင့် မာကာ

**Instructions**
**ညွှန်ကြားချက်များ**
Direct participation attention to the advocacy definition in Handout 7.2.1.
သင်တန်းသူ၊သားများအား ဝေငှစာရွက် ၇.၂.၁ တွင်ပါဝင်သော ဥပဒေရေးရာ အရေးဆိုတင်ပြမှု အဓိပ္ပာယ်အား အာရုံစိုက်စေရန်ပြောပါ။

- Ask participants what they think is meant by "deliberate process". (Encourage participants to come up with synonyms such as "a plan" or "strategy").
- သင်တန်းသူ၊သားများအား "စဉ်းစားချင့်ချိန်၍လုပ်ရသော လုပ်ငန်းစဉ်" ၏ အဓိပ္ပာယ်ကို ၎င်းတို့ မည်သို့ ထင်သည်ကို ပြောစေပါ။ (သင်တန်းသူ၊သားများအား "အစီအစဉ်တစ်ခု" သို့ "နည်းဗျူဟာတစ်ခု" ဟူသော ဆင်တူရိုးမား အဓိပ္ပာယ် ထွက်လာစေရန် အားပေးပါ။)
- Ask participants why a "deliberate process" or "strategy" is important for advocacy. (5 mins)
- သင်တန်းသူ၊သားများအား "စဉ်းစားချင့်ချိန်၍လုပ်ရသောလုပ်ငန်းစဉ်" သို့ "နည်းဗျူဟာ" တစ်ခုသည် အဘယ်ကြောင့် ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အတွက် အရေးကြီးသည်ဟု ထင်ပါသနည်းဟု မေးပါ။ (၅ မိနစ်)
- Now tell participants that they are going to look at nine questions that help an organization develop an advocacy strategy.
- သင်တန်းသူ၊သားများအား ၎င်းတို့သည် မေးခွန်း (၉)ခုကို လေ့လာကြမည်ဖြစ်ကြောင်း ပြောပါ။ ထိုမေးခွန်း (၉) ခုသည် ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းဆိုင်ရာ နည်းဗျူဟာတစ်ခု ဖွဲ့စည်းရာတွင် အထောက်အကူဖြစ်ကြောင်း ပြောပါ။
- Divide participants into 9 groups.
- သင်တန်းသူ၊သားများအား အဖွဲ့ (၉) ဖွဲ့ ဖွဲ့ပါ။
- Give each group one of the handouts.

- အဖွဲ့တစ်ဖွဲ့စီအား ဝေငှစာရွက်များထဲမှ တစ်ခုစီ ပေးပါ။
- Tell groups to read and discuss their definition.
- အဖွဲ့များအား ၎င်းတို့ ရရှိထားသော ဝေငှစာရွက်အားဖတ်ပြီး ၎င်းတို့၏အဓိပ္ပာယ်ကို ဆွေးနွေးစေပါ။
- Ask one person from each group to briefly summarize the question. (20 minutes total presentation time)
- အဖွဲ့တစ်ဖွဲ့စီမှ သင်တန်းသူ/သားတစ်ယောက်အား ထိုမေးခွန်း၏အကျဉ်းချုပ်ကိုပြောစေပါ။ (သင်တန်းသူ/သားများ၏ စုစုပေါင်း တင်ပြချိန် မိနစ် ၂၀)
- MAKE SURE THAT YOU PROCEED IN ORDER.
- သင်တန်းနည်းပြမှ အစီအစဉ်အလိုက်အတိုင်း ပြုလုပ်ရန် အရေးကြီးပါသည်။
- Write each question on the whiteboard as it is presented.
- ၎င်းတို့ တင်ပြခဲ့သည့် မေးခွန်းတစ်ခုချင်းစီကို သင်ပုန်းပေါ်တွင် ရေးပါ။

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Read the list of Nine Questions. Ask participants if they have any questions about any of the nine questions. If there are questions, ask the group who presented to answer the question.

Ask participants to look at the list and identify what rule of law principles are related to the Nine Questions. Note them on the board.

မေးခွန်း (၉) ခုအားဖတ်ပါ။ ထိုမေးခွန်း (၉) ခုနှင့် ပတ်သက်ပြီး ၎င်းတို့တွင် မေးစရာများရှိပါသလားဟု မေးပါ။ ၎င်းတို့၌ မေးစရာရှိလျှင် ထိုမေးခွန်းကို တင်ပြခဲ့သည့် အုပ်စုအားဖြေစေပါ။

သင်တန်းသူ/သားများအား မေးခွန်း (၉) ခုစာရင်းအား ပြန်လည်လေ့လာစေပြီး မည်သည့်တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ကိုက်ညီမှု ရှိသည်ကို ဖော်ထုတ်စေပါ။ ၎င်းတို့ တင်ပြသည်များကို သင်ပုန်းပေါ်တွင်ရေးပါ။

| **ACTIVITY 3: Creating an Advocacy Strategy** | **(30 mins)** |
|---|---|
| **လှုပ်ရှားမှု ၃ - ဥပဒေရေးရာ အရေးဆို တင်ပြမှုဆိုင်ရာ နည်းဗျူဟာတစ်ခုအားဖန်တီးခြင်း** | **(၃၀ မိနစ်)** |
| **Purpose of Activity:** To create an Advocacy Strategy using the Nine Questions.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - မေးခွန်း(၉)ခုအား အသုံးပြု၍ ဥပဒေရေးရာ အရေးဆို တင်ပြမှုဆိုင်ရာ နည်းဗျူဟာတစ်ခုအား ဖန်တီးရန်။<br><br>**Methodology:** Group Discussion and Gallery Walk<br>**သင်ကြားရေးနည်းစနစ်** - အုပ်စုဖွဲ့ ဆွေးနွေးခြင်း နှင့် အတန်းတွင်း လှည့်လည် ကြည့်ရှုခြင်း<br><br>**Handout:** None<br>**ဝေငှစာရွက်** - မရှိပါ။<br><br>**Materials:** Flipchart paper, markers, tape<br>**သင်ထောက်ကူ ပစ္စည်းများ** - စာရွက်ဖြူကြီး၊ မာကာများ၊ တိတ် | |

**Instructions**
**ညွှန်ကြားချက်များ**

- Divide participants into five groups.
- သင်တန်းသူ/သားများအား အဖွဲ့ (၅)ဖွဲ့ ဖွဲ့ပါ။
- Give each group a piece of flipchart paper and markers.
- အဖွဲ့တစ်ဖွဲ့စီကို စာရွက်ဖြူကြီး ၁ခုနှင့် မာကာများ ပေးပါ။
- Tell participants that they are now going to create an advocacy strategy using the Nine Questions.

- သင်တန်းသူ/သားများအား ၎င်းတို့သည် မေးခွန်း (၉) ခုကို အသုံးပြု၍ ဥပဒေရေးရာအရေးဆို တင်ပြခြင်းတစ်ခု ဖန်တီးရမည် ဖြစ်ကြောင်း ပြောပါ။
- The Advocacy Strategy will focus on passing a law against domestic violence.
- ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းဆိုင်ရာ နည်းဗျူဟာသည် အိမ်တွင်းအကြမ်းဖက်မှုကို ဆန့်ကျင်သော ဥပဒေ တစ်ခုကို ပြဌာန်းခြင်းအား အလေးပေးသွားမည် ဖြစ်သည်။
- Each group should discuss the nine questions and write their answers on the flipchart.
- အဖွဲ့တစ်ဖွဲ့စီသည် မေးခွန်း (၉) ခုကို ဆွေးနွေးမည်ဖြစ်ပြီး ၎င်းတို့၏အဖြေများကို စာရွက်ဖြူကြီးပေါ်တွင် ရေးသား ရမည်။
- Once participants have answered all nine questions, ask them to post their flipchart on the wall. (20 minutes)
- သင်တန်းသူ/သားများ မေးခွန်း (၉) ခုကို ဖြေဆိုပြီးလျှင် ၎င်းတို့၏ စာရွက်ဖြူကြီးကို နံရံပေါ်တွင် ကပ်စေပါ။ (၂၀ မိနစ်)
- Give participants 20 minutes to complete this exercise.
- သင်တန်းသူ/သားများအား ထိုလေ့ကျင့်ခန်း ပြုလုပ်ရန် အချိန် မိနစ် (၂၀) ပေးပါ။
- Ask all participants to walk around the room and look at the other groups responses. (5 minutes)
- သင်တန်းသူ/သား အားလုံးကို အတန်းတွင်းလမ်းလျှောက်စေ၍ နံရံတွင်ကပ်ထားသော အခြားအုပ်စုများ ရေးသား ထားသည်များကို လေ့လာစေပါ။ (၅ မိနစ်)

**Closing Activity**
**အပိတ်လှုပ်ရှားမှု**
Ask participants to take their seats and ask the following:
သင်တန်းသူ/သားများအား ၎င်းတို့၏ ထိုင်ခုံများတွင် ပြန်ထိုင်စေ၍ အောက်တို့ကို မေးပါ။

- Which of the nine questions were the most difficult to answer?
- မေးခွန်း (၉) ခုထဲ၌ မည်သည့် မေးခွန်းသည် အခက်ဆုံး ဖြစ်ပါသနည်း။
- What information would have helped you to answer the difficult questions?
- ခက်ခဲသည့်မေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် သင့်ကို မည်သည့်သတင်းအချက်အလက်များက ကူညီပေးပါ သနည်း။
- Is documentation important for an advocacy strategy? Why or why not?
- မှတ်တမ်းတင်ခြင်းသည် ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းဆိုင်ရာ နည်းဗျူဟာတစ်ခုအတွက် အရေးကြီးပါသလား။ အရေးကြီးလျှင် အဘယ့်ကြောင့်နည်း။ (သို့) အရေးမကြီးလျှင်လည်း အဘယ့်ကြောင့် အရေးမကြီးသနည်း။

| **SUMMARY AND EVALUATION** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **( ၅ မိနစ်)** |

Ask participants to reflect on the previous sessions about training, community theatre, and community engagement.
သင်တန်းသူ/သားများအား ပြီးခဲ့သည့် အစီအစဉ်များတွင် လေ့လာခဲ့သော သင်တန်းပေးခြင်း၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ပြဇာတ်နှင့် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းများကို ပြည်လည်လေ့လာစေပါ။

Ask participants the following questions:
သင်တန်းသူ/သားများအား အောက်ပါမေးခွန်းများကို မေးပါ။

- How do these previous sessions link with advocacy?
- လေ့လာပြီးခဲ့သည့် အစီအစဉ်များသည် ဥပဒေရေးရာ အရေးဆို တင်ပြခြင်း နှင့် မည်သို့ ဆက်စပ်မှု ရှိပါသနည်း။
- How can you use these activities as part of an advocacy strategy?

- ဤလုပ်ရှားမှုများအား ဥပဒေရေးရာအရေးဆိုတင်ပြခြင်းဆိုင်ရာ နည်းဗျူဟာတစ်ခု အနေဖြင့် မည်သို့အသုံးပြုနိုင်မည်နည်း။
- How can an advocacy strategy promote the rule of law?
- ဥပဒေရေးရာ အရေးဆို တင်ပြခြင်းဆိုင်ရာ နည်းဗျူဟာသည် တရားဥပဒေစိုးမိုးရေးအား မည်သို့ အထောက်အကူပြုသနည်း။

# Handout 7.2.1: Definition of Advocacy[1]
# ဝေငှစာရွက် (၇.၂.၁) - ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်

**Advocacy is**

- the deliberate process,
- based on demonstrated evidence,
- to directly and indirectly influence decision makers, stakeholders and relevant audiences to support and implement actions
- that achieve an identified goal.

The goal of advocacy can be to address imbalances, inequity and disparities, promote human rights, social justice, a healthy environment, or further opportunities for democracy by promoting public participation.[1]

**ဥပဒေရေးရာ အရေးဆို တင်ပြမှု ဆိုသည်မှာ**

- စဉ်းစားချင့်ချိန်၍ လုပ်ရသော လုပ်ငန်းစဉ်
- ထင်ထင်ရှားရှားပြသနိုင်သည့် သက်သေအပေါ် အခြေခံထားသည့်
- ဆုံးဖြတ်ချက် ချမှတ်သူများ၊ ပါဝင်ပတ်သက်သူများ နှင့် သင့်လျော်သည့် ပရိတ်သတ်များ (လူအစုအဝေးများ) အား တိုက်ရိုက်ရော သွယ်ဝိုက်၍ပါ ဩဇာသက်ရောက်စေရန် နှင့် လှုပ်ရှားမှုများကို ထောက်ပံ့ အကောင်အထည်ဖော်ရန်
- ထိုလှုပ်ရှားမှုများသည် ဖော်ထုတ်ချမှတ်ထားသော ရည်မှန်းချက်အား အောင်မြင်စေသော လှုပ်ရှားမှုများ ဖြစ်သည်။

ဥပဒေရေးရာ အရေးဆိုတင်ပြမှု၏ ရည်မှန်းချက်မှာ အများပြည်သူများအား ပါဝင်လာစေခြင်းအားဖြင့် မညီမျှမှု၊ တရားမျှတမှု မရှိခြင်း နှင့် ကွာဟခြားနားချက်များ၊ လူ့အခွင့်အရေး အားကောင်းစေခြင်း၊ လူမှုရေးရာ တရားမျှတမှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်တခု (သို့) ဒီမိုကရေစီအတွက် နောက်ထပ်ရရှိမည့်အခွင့်အရေးများ ရရှိခြင်းကို ဦးတည်ထားသည်။

[1] Advocacy Toolkit: A Guide to Influencing Decisions that Improve Children’s Lives. United Nations Children’s Fund, New York, 2010 at 3.

# Handout 7.2.2: What do we want?
# ဝေငှစာရွက် (၇.၂.၂) - ကျွန်ုပ်တို့ ဘာလိုချင်သလဲ။

Every advocacy effort must begin by asking “what do we want to achieve?” To answer this question, we must understand the problem, issues, and solutions. Knowing what we want involves analyzing the situation, generating evidence and choosing priorities to identify possible areas for advocacy. Conducting research is extremely useful at this stage. It will help to identify the extent of the problem, who is affected most, and support the strategy with facts needed to convince stakeholders. Research can also help us identify solutions by looking at how other organizations or countries have resolved similar problems.

ဥပဒေရေးရာ အရေးဆိုတင်ပြမှုအတွက်ကြိုးစားအားထုတ်မှုတိုင်းသည် “ကျွန်တော်တို့ မည်သည့်အောင်မြင်မှုကို လိုချင်ပါသလဲ” ဟူသည့် မေးခွန်းကို မေး၍ စတင်ရမည်။ ဤမေးခွန်းကို ဖြေဆိုရန်အတွက် ကျွန်တော်တို့သည် ပြဿနာ၊ ကိစ္စရပ်များ နှင့် အခြေအနေများကို နားလည်ရမည်။ ကျွန်တော်တို့ ဘာလိုချင်သည်ကို သိရှိနားလည်ခြင်း၌ အခြေအနေကို ဆန်းစစ်ခြင်း၊ သက်သေများ ဖော်ထုတ်ခြင်း နှင့် ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းများ ပြုလုပ်ခြင်းအတွက် ဖြစ်နိုင်သော နယ်ပယ်များ ကို ဖော်ထုတ်နိုင်ရန်အတွက် အရေးပါသည့် အရာများကို ရွေးချယ်ခြင်းတို့ပါဝင်သည်။ သုတေသန ပြုလုပ်ခြင်းသည် ဤအဆင့်၌ များစွာ အသုံးဝင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ပြဿနာ၏ အတိုင်းအတာပမာဏ၊ မည်သူတွေကို အများဆုံး အကျိုးသက်ရောက်မှုရှိမည် ဖော်ထုတ်နိုင်ရန်နှင့် ပါဝင်ပတ်သက်သူများကို လက်ခံလာစေရန်အတွက် လိုအပ်သော နည်းဗျူဟာ အချက်အလက်များကို ရရှိအောင် ထောက်ပံ့ကူညီပေးသည်။ ထို့ပြင် သုတေသန ပြုလုပ်ခြင်းသည် အခြားအဖွဲ့အစည်းများ၊ နိုင်ငံများမှ ဤကဲ့သို့ အလားတူ ပြဿနာများကို မည်သို့ ဖြေရှင်းသည်ကို လေ့လာနိုင်ပြီး မိမိပြဿနာ၏ အဖြေများကို ဖော်ထုတ်ပေးခြင်းဖြင့် ကူညီပေးသည်။

## Handout 7.2.3: Who can make it happen?
## ဝေငှစာရွက် (၇.၂.၃) - မည်သူတွေက အကောင်အထည် ဖော်နိုင်သနည်း။

This involves asking who has the formal authority to act and who has the capacity to influence the formal authority. For example, if we are asking for a law to be passed, the legislature is the formal authority to act. The persons who can influence the legislature to act include the media and the voters. Effective advocacy requires knowing who your audience is and how you can access this audience.

ဤကိစ္စ၌ မည်သူ့တွင် အကောင်အထည်ဖော်ဆောင်ရန် တရားဝင် လုပ်ပိုင်ခွင့် အာဏာရှိပြီး ထိုတရားဝင် လုပ်ပိုင်ခွင့် အာဏာကို ဩဇာသက်ရောက်စေသည့် လုပ်နိုင်စွမ်း မည်သူ့ထံတွင် ရှိသည်ကို မေးမြန်းခြင်းများ ပါဝင်ပါသည်။ ဥပမာဆိုရလျှင် ဥပဒေတစ်ခု ဖော်ဆောင် အောင်မြင်ခြင်းအကြောင်း မေးမြန်းလျှင် ဥပဒေပြုအာဏာပိုင်အဖွဲ့သည် ဥပဒေ ဖော်ဆောင်ရန်အတွက် တရားဝင် လုပ်ပိုင်ခွင့် အာဏာ ရှိပါသည်။ ဥပဒေပြု အာဏာပိုင်အဖွဲ့အား ထိုသို့ ဆောင်ရွက်နိုင်စေရန်အတွက် ဩဇာရှိသူများမှာ မီဒီယာများ နှင့် မဲပေးခဲ့ကြသူများ ဖြစ်ပါသည်။ ထိရောက်သော ဥပဒေရေးရာ အရေးဆို တင်ပြခြင်းသည် မိမိ၏ ပရိတ်သတ် (မိမိအရေးဆို တင်ပြမည့်သူ) မည်သူတွေ ဖြစ်သည်ကို သိရှိခြင်းနှင့် ထိုပရိတ်သတ်အား မည်သို့ အကဲဖြတ်မည်ကို သိရှိခြင်းတို့ ပါဝင်ပါသည်။

# Handout 7.2.4: What do they need to hear?
# ဝေငှစာရွက် (၇.၂.၄) - ၎င်းတို့ ဘာတွေ ကြားနာရန် လိုအပ်ပါသနည်း။

This question focuses our attention on the messages we need to create that will persuade our audience to take action. Knowing what they need to hear requires an understanding of what will motivate our audience. The research we have conducted is very useful at this stage for helping us create strong messages. These messages should also identify how the audience will benefit from taking action.

ဤမေးခွန်းသည် ကျွန်ုပ်တို့၏ပရိသတ်အား အရေးယူဆောင်ရွက်မှုများ ပြုလုပ်စေရန်အတွက် ကျွန်ုပ်တို့လုပ် ဆောင်ရန် လိုအပ်နေသည့် အကြောင်းအရာမက်ဆေ့ချ်ကို သတိပြုမိစေရန် အလေးပေးထားသည်။ ကျွန်ုပ်တို့၏ ပရိသတ်များ ဘာတွေ ကြားနာဖို့ လိုအပ်သည်ဟု သိရှိနိုင်စေရန်အတွက် မည်သည်တို့က ၎င်းတို့အား တက်ကြွလာစေရန် လုပ်ဆောင်ပေး နေသည်ကို နားလည်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ ပြုလုပ်ခဲ့သည့် သုတေသနသည် ကျွန်ုပ်တို့ ခိုင်မာသည့် မက်ဆေ့ချ်တခု တည်ဆောက်ဖန်တီးရာ ဤအဆင့်အတွက် အလွန်အသုံးဝင်ပါသည်။ ဤအကြောင်းအရာ မက်ဆေ့ချ်များသည် ပရိတ်သတ်များ အရေးယူ ဆောင်ရွက်ခြင်းမှ မည်သို့ အကျိုးကျေးဇူး ရရှိမည်ကို ဖော်ထုတ်ပေးသည်။

# Handout 7.2.5: Who do they need to hear it from?
# ဝေငှစာရွက် (၇.၂.၅) - ၎င်းတို့ မည်သူတွေထံမှ ကြားနာရန် လိုအပ်ပါသနည်း။

Choosing your messenger is extremely important for effective advocacy. Messengers are people who have influence or power over the decision-makers you are trying to influence. Messengers can be experts, celebrities, community or religious leaders. Rights holders can also be some of the strongest messengers. These are people who are directly impacted by the issue and can speak from personal experience. Once you choose your messengers, it is important to fully prepare them.

ထိရောက်သော ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းအတွက် သင်၏သတင်းအချက်အလက်ပေးပို့ပေးသူကို ရွေးချယ်ခြင်းသည် အလွန်အရေးကြီးပါသည်။ သတင်းအချက်အလက် ပေးပို့ပေးသူ ဆိုသည်မှာ သင်လွှမ်းမိုးနိုင်ရန် ကြိုးစားနေသော ဆုံးဖြတ်ချက်ချသူများအပေါ် ဩဇာ (သို့) အာဏာ ရှိသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ သတင်းအချက်အလက် ပေးပို့သူများသည် ကျွမ်းကျင်သူများ၊ နာမည်ကြီးသူများ၊ ရပ်ရွာလူထု ခေါင်းဆောင် (သို့) ဘာသာရေး ခေါင်းဆောင်များ ဖြစ်နိုင်ပါသည်။ အခွင့်အရေး ကိုင်ဆောင်ထားကြသူများ(Rights holders)သည်လည်း အားကောင်းသော သတင်းပေးပို့သူများလည်း ဖြစ်နိုင်ပါသည်။ ထိုလူများသည် ကိစ္စရပ်ပြဿနာကြောင့် တိုက်ရိုက်အကျိုးသက်ရောက်ခံရသူများဖြစ်ပြီး ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများကိုလည်း ပြန်လည်ပြောဆိုနိုင်ကြသည်။ သင်၏ သတင်းပေးပို့သူများအား ရွေးချယ်လိုက်ပြီဆိုလျှင် ၎င်းတို့အား သေချာ ပြင်ဆင်ပေးရန် အရေးကြီးပါသည်။

## Handout 7.2.6: How can we make sure they hear it?[1]

## ဝေငှစာရွက် (၇.၂.၆) - သူတို့ ကြားခဲ့သည် ဆိုသည်ကို မည်သို့ သေချာ သိနိုင်ပါမည်နည်း။

There are many ways to deliver a message. It can be delivered in a private meeting with the decision-maker or in a public forum. Media can also be an effective method because it has the ability to reach large numbers of people and has a number of different formats including tv, radio, blogs, and social media such as Facebook.

သတင်းမှာကြားချက်တစ်ခုကို ပေးပို့ရန်အတွက် နည်းလမ်းများစွာ ရှိပါသည်။ ထိုသတင်းမှာကြားချက်အား ဆုံးဖြတ်ချက်ချမှတ်သူနှင့် သီးသန့်အစည်းအဝေး ပြုလုပ်၍ ပေးပို့နိုင်သလို အများပြည်သူပါဝင်သော ဆွေးနွေးပွဲ ဖိုရမ်များ ကျင်းပ၍လည်း ပေးပို့သိစေအပ်နိုင်ပါသည်။ မီဒီယာသည်လည်း ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မီဒီယာတွင် လူအမြောက်အများအား သိစေနိုင်သော ဂုဏ်သတ္တိရှိပြီး တီဗီ၊ ရေဒီယို ၊ဘလော့၊ ဖေ့စ်ဘွတ်ခ်ကဲ့သို့ ဆိုရှယ်မီဒီယာများဟူ၍ ပုံစံအမျိုးမျိုး ရှိသောကြောင့် ဖြစ်သည်။

[1] Advocacy Toolkit: A Guide to Influencing Decisions that Improve Children's Lives. United Nations Children's Fund, New York, 2010 at 3.

# Handout 7.2.7: What do we have?
# ဝေငှစာရွက် (၇.၂.၇) - ကျွန်ုပ်တို့တွင် ဘာရှိပါသလဲ။

This involves an assessment of existing advocacy resources. To conduct this assessment, we should consider the following:

- What successful advocacy have we done in the past?
- What networks or alliances do we currently have?
- What is the capacity of our staff and our partners?
- What information do we already have that can be used to our advantage?

ဤအရာတွင် တည်ရှိနေသော ဥပဒေရေးရာ အရေးဆိုမှု ဆိုင်ရာ အရင်းအမြစ်များအား အကဲဖြတ်ခြင်းတစ်ခု ပါဝင်သည်။ ဤအကဲဖြတ်ခြင်းကို ပြုလုပ်ရန်အတွက် အောက်ပါတို့ကို စဉ်းစားသင့်ပါသည်။

- ကျွန်ုပ်တို့ မည်သည့် အောင်မြင်ခဲ့သော ဥပဒေရေးရာ အရေးဆိုမှုကို ယခင်က ပြုလုပ်ခဲ့ပါသနည်း။
- ကျွန်ုပ်တို့တွင် လောလောဆယ် မည်သည့် ကွန်ယက်များ (သို့) အတူပူးပေါင်းဆောင်ရွက်သည့် မဟာမိတ်များ ရှိပါသနည်း။
- ကျွန်ုပ်တို့ ဝန်ထမ်းများ နှင့် ပါတနာများ၏ လုပ်နိုင်စွမ်းက ဘာလဲ။
- အကျိုးရှိရှိ အသုံးပြုနိုင်သည့် မည်သည့် သတင်းအချက်အလက်များ ကျွန်ုပ်တို့ ရရှိထားပြီးပါသနည်း။

# Handout 7.2.8: What do we need?
# ဝေငှစာရွက် (၇.၂.၈) - ကျွန်ုပ်တို့ ဘာလိုအပ်ပါသနည်း။

After assessing what we have, we need to identify what is missing. This means looking at networks and capacities that need to be built, media relationships that need to be fostered, and research that needs to be conducted. It also requires assessing challenges, threats, opportunities, and next steps.

ကျွန်ုပ်တို့၌ ရှိသည်များကို အကဲဖြတ်ပြီးနောက် ကျွန်ုပ်တို့၌ ပျောက်ကွယ်နေသည့် အရာများကိုလည်း ဖော်ထုတ်ရန် လိုအပ်သည်။ တည်ဆောက်ရန် လိုအပ်သော ကွန်ယက်များ နှင့် လုပ်နိုင်စွမ်းအား၊ အားပေးမြှင့်တင်ရန် လိုအပ်သည့် မီဒီယာများနှင့် ဆက်ဆံရေး၊ နှင့် ပြုလုပ်ရန် လိုအပ်သော သုတေသနများအား လေ့လာခြင်းများကို ဆိုလိုပါသည်။ ထို့ပြင် စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများ၊ အခွင့်အရေးများနှင့် နောက်ထပ်လာမည့် အဆင့်များအား အကဲဖြတ်ခြင်းတို့ လိုအပ်ပါသည်။

## Handout 7.2.9: How do we begin to take action?
## ဝေငှစာရွက် (၇.၂.၉) - ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းများ ဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့ မည်သည်နေရာမှ စတင်ကြမည်နည်း။

What is the first step we should take? This involves creating an action plan. An action plan contains a list of the activities that will be taken, who is responsible for the action, the timing of the activity, and the resources needed. An action plan should have a clear set of results with short and long-term outcomes. Advocacy goals and outcomes should be SMART (specific, measurable, achievable, realistic, and time bound).

ကျွန်ုပ်တို့စတင်လုပ်ဆောင်မည့် ပထမအဆင့်က ဘာဖြစ်မည်နည်း။ ပထမအဆင့်တွင် လုပ်ဆောင်ရမည့် အစီအစဉ်တစ် ခု (action plan) ဖန်တီးခြင်းပါဝင်သည်။ လုပ်ဆောင်ရမည့် အစီအစဉ်တစ်ခု၌ လုပ်ဆောင်မည့် လှုပ်ရှားမှုစာရင်းတစ်ခု၊ ထိုလှုပ်ရှားမှုကို ဖော်ဆောင်ရန် တာဝန်ရှိသော လူများ၊ လှုပ်ရှားမှုအတွက် ကြာချိန်နှင့် လိုအပ်သော အရင်းအမြစ်များ ပါဝင်ပါသည်။ လုပ်ဆောင်ရမည့် အစီအစဉ်တစ်ခုသည် ရေတို နှင့် ရေရှည်အတွက် ချမှတ်ထားသောရလဒ်များ ရှင်းရှင်း လင်းလင်း ချမှတ်ထားရန် လိုအပ်ပါသည်။ ဥပဒေရေးရာ အရေးဆို တင်ပြမှုအတွက် ရည်မှန်းချက်များ နှင့် ရလဒ်များသည် SMART (တိကျမှု၊ တိုင်းတာနိုင်မှု၊ အောင်မြင်နိုင်မှု၊ လက်တွေ့ကျခြင်း နှင့် အချိန်) နှင့် တိုင်းတာနိုင်ရမည်။

## Handout 7.2.10: How can we tell if it is working?
## ဝေငှစာရွက် (၇.၂.၁၀) - ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အလုပ်ဖြစ်၊ မဖြစ်ဆိုသည်ကို မည်သို့ ပြောနိုင်မည်နည်း။

An advocacy strategy can be thought of as a road map. It is easy to tell if the goal has been reached, but it is also important to check your progress along the way. This will allow you to make corrections and not to waste resources (time and money) on things that are not working. For each activity, it is important to have indicators to check progress. Regular de-briefing can also be helpful. We should ask what worked well, what did not work, how could we make it better, what lessons did we learn, what messages did we make clear, and how did our audience react?

ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း နည်းဗျူဟာတစ်ခုကို လမ်းပြမြေပုံတစ်ခုအနေဖြင့် ယူဆတွေးတောနိုင်သည်။ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလျှင်တော့ ပြောရတာလွယ်ပါသည်။ သို့သော် ထိုရည်မှန်းချက် ရရှိအောင်မြင်စေရန် လုပ်ဆောင်ခဲ့ရသောလမ်းတလျှောက်ရှိ တိုးတက်မှုများကို စစ်ဆေးရန်လည်း အရေးကြီးပါသည်။ ထိုသို့ စစ်ဆေးခြင်းသည် သင့်အား အမှန်ပြင်ဆင်ခြင်းများ ပြုလုပ်ရန် နှင့် အရင်းအမြစ်များဖြစ်သော အချိန် နှင့် ငွေကို အလုပ်မဖြစ်သည့် ကိစ္စရပ်များအပေါ် မဖြုန်းတီးမိစေရန် လုပ်ဆောင်ပေးပါသည်။ လှုပ်ရှားမှုတခုစီအတွက် တိုးတက်လာမှုကို စစ်ဆေးရန်အတွက် စစ်ဆေးညွှန်ပြပေးသော ဆရာတယောက် လိုအပ်ပါသည်။ အမြဲပုံမှန် သုံးသပ်မှုသည်လည်း အသုံးဝင်ပါသည်။ ဘယ်အရာသည် ကောင်းမွန်စွာ အလုပ်ဖြစ်ခဲ့သလဲ၊ ဘယ်အရာတွေက အလုပ်မဖြစ်ခဲ့ဖူးလဲ၊ ပိုမိုကောင်းမွန်အောင် ဘယ်လိုလုပ်နိုင်မလဲ၊ ဘယ်သင်ခန်းစာတွေ ကျွန်တော်တို့ လေ့လာရရှိခဲ့ သလဲ၊ ဘယ်သတင်းမှာကြားချက်တွေကို ရှင်းရှင်းလင်းလင်း ပေးခဲ့သလဲ၊ ကျွန်ုပ်တို့၏ ပရိတ်သတ်တွေကရော ဘယ်တုံ့ပြန်သလဲ စသည့် မေးခွန်းများကို မေးသင့်ပါသည်။

# Module 7.3: Review and Conclusion
# အစီအစဉ် (၇.၃) - ပြန်လည် လေ့လာခြင်း နှင့် နိဂုံးချုပ်ခြင်း

**Purpose of Session:** To review the concepts learned and conclude this second training series.
**အစီအစဉ်၏ ရည်ရွယ်ချက်:** လေ့လာခဲ့သော သဘောတရားများကို ပြန်လည် လေ့လာရန် နှင့် ဤ ဒုတိယပိုင်း သင်တန်းအစီအစဉ်အား နိဂုံးချုပ်ရန်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ကျွမ်းကျင်မှုများ၊ နှင့် သင်ကြားရေးနည်းစနစ်များ

| **Outcomes:** | **ရလဒ်များ** |
|---|---|
| As a result of this session, participants will be able to<br>• Demonstrate how they can advance a rule of law principle using a method of community engagement.<br>• Match the rule of law principles with their definitions. | ဤအစီအစဉ်၏ ရလဒ်အဖြစ် သင်တန်းသူ၊သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်လိမ့်မည်။<br>• လူမှုအဖွဲ့အစည်းများ နှင့် ချိတ်ဆက်သည့် နည်းဗျူဟာကို အသုံးပြု၍ တရားဥပဒေ စိုးမိုးရေး မူဝါဒများကို မည်သို့ မြှင့်တင် သည်ကို သရုပ်ပြနိုင်လိမ့်မည်။<br>• တရားဥပဒေစိုးမိုးရေး မူဝါဒများကို ၎င်းတို့၏အဓိပ္ပာယ်များနှင့် တွဲနိုင်လိမ့်မည်။ |

| **Skills:** | **ကျွမ်းကျင်မှုများ** |
|---|---|
| In this session the participants will practice the following skills:<br>• Communication<br>• Cooperation<br>• Public Speaking<br>• Recall | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါကျွမ်းကျင်မှုများကို လေ့ကျင့်ရမည် ဖြစ်သည်။<br>• ဆက်သွယ် ပြောဆိုခြင်း<br>• ပူးပေါင်းဆောင်ရွက်ခြင်း<br>• အများရှေ့ စကားပြောခြင်း<br>• ပြန်လည် သတိရခြင်း |

| **Methodologies:** | **သင်ကြားနည်း နည်းပညာများ** |
|---|---|
| In this session the participants will practice the following methodologies:<br>• Role play<br>• Quiz | ဤအစီအစဉ်တွင် သင်တန်းသူ/သားများ သည် အောက်ဖော်ပြပါ သင်ကြားနည်း နည်းပညာများကို လေ့ကျင့်ကြရမည်။<br>• သရုပ်ဖော် တင်ပြခြင်း<br>• ဉာဏ်စမ်းပဟေဠိ |

## Preparation
## ပြင်ဆင်ပုံ

| **Materials:** | **သင်ထောက်ကူပစ္စည်းများ** |
|---|---|
| In this session you will need the following materials:<br>• 4 Rule of Law Posters (A4 size)- Human Rights, Access to Justice, Equality Before the Law, Non-discrimination | ဤအစီအစဉ်အတွက် သင်သည် အောက်ပါသင်ထောက်ကူပစ္စည်းများ လိုအပ်ပါလိမ့်မည်။<br>• တရားဥပဒေစိုးမိုးရေး ပိုစတာ ၄ ခု (A4 ဆိုဒ် - လူ့အခွင့်အရေး၊ တရားမျှတမှု လက်လှမ်းမီမှု၊ ဥပဒေရှေ့မှောက် တန်းတူညီ မျှမှု၊ ခွဲခြားမှု မရှိခြင်း |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session participants will use the following hand outs:<br>• Handout 7.3.1 Rule of Law Principles Quiz | ဤအစီအစဉ်တွင် သင်တန်းသူ/သားများသည် အောက်ပါတို့ ကို အသုံးပြုရမည်။<br>• ဝေငှစာရွက် ၇.၃.၁ တရားဥပဒေစိုးမိုးရေး မူဝါဒများ ပါဝင်သော ဉာဏ်စမ်း ပဟေဠိ |

| OPEN SESSION | (5 mins) |
|---|---|
| **အဖွင့်အစီအစဉ်** | **(၅ မိနစ်)** |

Review purpose and outcomes for this session.
ဤအစီအစဉ်အတွက် ရည်ရွယ်ချက် နှင့် ရလဒ်များကို ပြန်လည် လေ့လာပါ။

| REVIEW | (5 mins) |
|---|---|
| **ပြန်လည်လေ့လာခြင်း** | **(၅ မိနစ် )** |

Link the outcomes and activities in this session to what has been done in previous sessions.
ယခင်အစီအစဉ်တွင် ပြုလုပ်ခဲ့သော အရာများနှင့် ယခုအစီအစဉ်တွင် ရရှိလာမည့် ရလဒ်များနှင့် လှုပ်ရှားမှုများကို ချိတ်ဆက်ပါ။

| ACTIVITY 1: USING COMMUNITY ENAGEMENT TO ADVANCE THE RULE OF LAW PRINCIPLES | (45 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - တရားဥပဒေစိုးမိုးရေး မူဝါဒများအား ပိုမိုအဆင့်မြှင့်တင်ရန် လူမှုအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်းအား အသုံးပြုခြင်း** | **( ၄၅ မိနစ်)** |
| **Purpose of Activity:** To use community engagement methods to advance the rule of law principles.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက်** - တရားဥပဒေစိုးမိုးရေး မူဝါဒများအား ပိုမိုအဆင့်မြှင့်တင်ရန်အတွက် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းနည်းအား အသုံးပြုရန်<br><br>**Methodology:** Role play<br>**သင်ကြားရေးနည်းစနစ်** - သရုပ်ဖော် တင်ပြခြင်း<br><br>**Handout:** None<br>**ဝေငှစာရွက်** - မရှိပါ။<br><br>**Materials:** 4 Rule of Law Posters (A4 size)-Human Rights, Access to Justice, Equality, Before the Law, Non-discrimination, Whiteboard, markers<br>**သင်ထောက်ကူပစ္စည်းများ** - တရားဥပဒေစိုးမိုးရေး ပိုစတာ ၄ ခု (A4 ဆိုဒ် - လူ့အခွင့်အရေး၊ တရားမျှတမှု လက် လှမ်းမီမှု၊ ဥပဒေရှေ့မှောက် တန်းတူညီ မျှမှု၊ ခွဲခြားမှု မရှိခြင်း)၊ သင်ပုန်း၊ မာကာများ။ | |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants to think about what they have learned over the last 3 days about community engagement. Ask them to brainstorm the methods they have learned. List them on the whiteboard for reference. (5 minutes)
- သင်တန်းသူ၊သားများအား လွန်ခဲ့သည့် (၃) ရက်က လူမှုအဖွဲ့အစည်းနှင့် ချိတ်ဆက်ခြင်း အကြောင်းအား ဘာတွေ လေ့လာပြီးခဲ့ကြပြီ ဆိုသည်ကို ပြန်လည် စဉ်းစားစေပါ။ ၎င်းတို့ လေ့လာခဲ့သော နည်းပညာများအား ကြိုတင်ကြံဆ တွေးတောစေပါ။ ရည်ညွှန်းချက်အချက် သင်ပုန်းပေါ်တွင် စာရင်းပြုစုပါ။ (၅ မိနစ်)

- Divide participants into four groups.
- သင်တန်းသူ/သားများအား အဖွဲ့ ၄ ဖွဲ့ ခွဲပါ။
- Give each group one of the Rule of Law posters.
- အဖွဲ့တစ်ဖွဲ့စီအား တရားဥပဒေစိုးမိုးရေး ပိုစတာ တစ်ခုစီ ပေးပါ။
- Tell participants that each group needs to do a role play demonstrating how they can use community engagement to advance their rule of law principle for women and girls.
- သင်တန်းသူ/သားများအား ၎င်းတို့ အဖွဲ့တစ်စုစီသည် သရုပ်ဖော်တင်ပြခြင်း (role play)တစ်ခုစီ လုပ်ရမည်ဟု ပြောပါ။ ထို သရုပ်ဖော်တင်ပြခြင်း အစီအစဉ်တွင် ၎င်းတို့သည် အမျိုးသမီးများနှင့် မိန်းမငယ်လေးများအတွက် တရားဥပဒေစိုးမိုးရေး မူဝါဒများအား မြှင့်တင်ပေးနိုင်ရန် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းကို မည်သို့ အသုံးပြုနိုင်သည်ကို သရုပ်ဖော်ပြသရမည် ဖြစ်သည်။
- Each person in the group must have a role and the role play should be no more than 5 minutes.
- အဖွဲ့အတွင်းရှိ အယောက်စီတိုင်းသည် အခန်းကဏ္ဍ (role) တစ်ခုစီကို ယူကြရမည်ဖြစ်ပြီး ၎င်းတို့တဖွဲ့လုံး၏ သရုပ်ဖော်တင်ပြမှု အချိန်သည် ၅ မိနစ်ထက် မကျော်စေရပါ။
- Preparation time: 15 minutes.
- ပြင်ဆင်ချိန်: ၁၅ မိနစ်
- Total role play time: 20 minutes
- စုစုပေါင်း သရုပ်ဖော် တင်ပြချိန်: မိနစ် ၂၀

**Closing Activity (5 mins)**
**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**
Ask participants the following:
သင်တန်းသူ/သားများအား အောက်ပါတို့ကို မေးပါ။

- Do you have any comments or feedback on the role plays?
- သရုပ်ဖော် တင်ပြမှုနှင့် ပတ်သက်ပြီး မှတ်ချက်ပေးစရာ (သို့) တုံ့ပြန်ချက်ပေးစရာ ရှိပါသလား။
- What ideas did they see in the role plays that they would like to try?
- ၎င်းတို့ တင်ပြသွားသော သရုပ်ဖော်တင်ပြခြင်းများထဲမှ ၎င်းတို့ လက်တွေ့ စမ်းကြည့်ကျင့်သုံးချင်သော မည်သည့် အိုင်ဒီယာ စိတ်ကူးများ ရှာဖွေ တွေ့ရှိပါသနည်း။
- Are there other methods of community engagement that were not discussed in this training that groups have used, and they would like to describe?
- ဤသင်တန်းအစီအစဉ်တွင် မဆွေးနွေးရသေးဘဲ မိမိတို့ အရင်က အသုံးပြုဖူး၍ ယခု မျှဝေပေးချင်သော လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ အခြား နည်းဗျူဟာများ ရှိပါသလား။

| **ACTIVITY 2: REVIEWING THE RULE OF LAW PRINCIPLES** | **(30 mins)** |
|---|---|
| **လှုပ်ရှားမှု ၂ - တရားဥပဒေစိုးမိုးရေး မူဝါဒများအား ပြန်လည် လေ့လာခြင်း** | **(၃၀ မိနစ်)** |
| **Purpose of Activity:** To review the meaning of the rule of law of principles.<br>**လှုပ်ရှားမှု၏ ရည်ရွယ်ချက် -** တရားဥပဒေစိုးမိုးရေး မူဝါဒများ၏ အဓိပ္ပာယ်အား ပြန်လည် လေ့လာရန်။<br><br>**Methodology:** Quiz<br>**သင်ကြားရေးနည်းစနစ် -** ဉာဏ်စမ်းပဟေဠိ<br><br>**Handout:** Handout 7.3.1 Rule of Law Principles Quiz<br>**ဝေငှစာရွက် -** ဝေငှစာရွက် ၇.၃.၁ တရားဥပဒေစိုးမိုးရေး မူဝါဒများ ရေးသားထားသော ဉာဏ်စမ်းပဟေဠိ<br><br>**Materials:** None<br>**သင်ထောက်ကူပစ္စည်းများ -** မရှိပါ။ | |

**Instructions**

**ညွှန်ကြားချက်များ**

- MAKE SURE THAT ALL POSTERS AND DEFINITIONS OF RULE OF LAW ARE NOT DISPLAYED.
- ပိုစတာများအားလုံး နှင့် တရားဥပဒေစိုးမိုးရေး၏ အဓိပ္ပာယ်များအား အတန်းတွင်း၌ ပြသမထားစေရန် သေချာအောင်လုပ်ပါ။
- Tell participants that they are going to review the rule of law principles by taking a short quiz.
- သင်တန်းသူ၊သားများအားလုံးသည် တရားဥပဒေစိုးမိုးရေး မူဝါဒများအား ဉာဏ်စမ်းမေးခွန်းအတိုလေး ဖြေခြင်းအားဖြင့် ပြန်လည်လေ့လာကြမည် ဖြစ်သည်။
- Give each participant a copy of Handout 7.3.1. and ask them to match the definition to the rule of law principle. (15 minutes maximum)
- သင်တန်းသူ၊သား တယောက်ချင်းစီအား ဝေငှစာရွက် ၇.၃.၁ ကိုပေးပါ။ ထို့နောက် ၎င်းတို့အား တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ၎င်းတို့၏ အဓိပ္ပာယ်များအား တွဲစေပါ။
- Once all participants have finished, review the quiz out loud by reading the definition and asking participants the correct answer. If there is a disagreement, allow time for discussion to arrive at the correct response. (10 mins)
- သင်တန်းသူ၊သားများ ဖြေဆိုပြီးလျှင် တရားဥပဒေစိုးမိုးရေးမူဝါဒများ အဓိပ္ပာယ်များအား ကျယ်ကျယ်ဖတ်ပြ၍ ၎င်းတို့အား အဖြေမှန်ကိုပြောပြစေ၍ ဉာဏ်စမ်းပဟေဠိကို လေ့လာစေပါ။ အဖြေအား သဘောတူညီမှု မရှိခဲ့လျှင် အဖြေမှန်ရရှိအောင် ဆွေးနွေးရန်အတွက် အချိန်ပေးပါ။
- Ask participants to correct their own papers.
- သင်တန်းသူ၊သားများအား ၎င်းတို့စာရွက်များမှ အဖြေအား စစ်ဆေးစေပါ။

| | |
|---|---|
| Answer Key for Quiz:<br>ဉာဏ်စမ်းပဟေဠိအတွက် အဖြေများ -<br>1. M<br>2. D<br>3. J<br>4. B<br>5. H<br>6. A | 7. K<br>8. L<br>9. I<br>10. G<br>11. C<br>12. F<br>13. E |

**Closing Activity (5 mins)**

**အပိတ်လှုပ်ရှားမှု (၅ မိနစ်)**

Ask participants the following:

သင်တန်းသူ၊သားများအား အောက်ပါတို့ကို မေးပါ။

- How did you score? Did you get 100%?
- သင်တို့ မည်သို့ အမှတ်ပေးခဲ့ပါသနည်း။ သင် ၁၀၀% ရခဲ့ပါသလား။
- Do some of the principles overlap or mean almost the same thing?
- မူဝါဒအချို့သည် ထပ်နေပါသလား (သို့) အဓိပ္ပာယ် ဆင်တင်ရိုးမှား ဖြစ်နေပါသလား။
- Do you have any questions about the rule of law principles?
- တရားဥပဒေစိုးမိုးရေး မူဝါဒများနှင့် ပတ်သက်၍ သင့်မှာ မေးစရာ မေးခွန်းများ ရှိပါသလား။

| **SUMMARY AND EVALUATION** | **(5 mins)** |
| --- | --- |
| **အကျဉ်းချုပ်နှင့် သုံးသပ်ခြင်း** | **( ၅ မိနစ်)** |

Explain to participants that this session concludes our training on community engagement and training of trainers. Ask the participants if they have any further questions about this topic?
သင်တန်းသူ၊သားများအား ဤအစီအစဉ်သည် ကျွန်တော်တို့ရဲ့ လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းနှင့် သင်တန်းဆရာများအား သင်တန်းပေးခြင်း၏ အဆုံးသတ်အစီအစဉ် ဖြစ်ပါသည်ဟု ရှင်းပြပါ။ ထို့နောက် ၎င်းတို့အား နောက်ထပ်မေးစရာ မေးခွန်းများ ရှိပါသေးသလားဟု မေးပါ။

# Handout 7.3.1: Rule of Law Principles Quiz
# ဝေငှစာရွက် (၇.၃.၁) - တရားဥပဒေစိုးမိုးရေးမူဝါဒများ ရေးသားထားသော ဉာဏ်စမ်းပဟေဠိ

**Match the Rule of Law Principle with its Definition**

(Put the letter of the definition next to the principle)

1. _____ Supremacy of the Law
2. _____ Transparency
3. _____ Accountability
4. _____ Separation of Powers
5. _____ Access to Justice
6. _____ Human Rights
7. _____ Non-discrimination
8. _____ Equality before the Law
9. _____ Non-arbitrary decision-making
10. _____ Public participation
11. _____ Legal Certainty
12. _____ Fairness
13. _____ Judicial Impartiality

a. Rights given to all humans because they are born as human beings.
b. A system of government divided into branches that check and balance each other.
c. The law is predictable and transparent.
d. Openly explaining how decisions are made
e. The court makes decisions independently based on law and fact.
f. Equity
g. Input from citizens about government actions
h. Knowing your rights and how to exercise those rights
i. Making decisions without bias
j. Taking responsibility for one's own actions.
k. Treating everyone the same
l. All persons shall be treated equal before the law.
m. No person is above the law.

**တရားဥပဒေစိုးမိုးရေး မူဝါဒ နှင့် ၎င်း၏ အဓိပ္ပာယ်ကို တွဲပေးပါ။**

(မူဝါဒများ၏ ဘေးဘက်ရှိ ကွက်လပ်တွင် ၎င်း၏ အဓိပ္ပာယ်ကို ဖော်ပြထားသော အက္ခရာကို ရေးပါ။)

1. _____ ဥပဒေသည် အထွဋ်အထိတ်ဖြစ်ခြင်း
2. _____ ပွင့်လင်းမြင်သာမှု ရှိခြင်း
3. _____ တာဝန်ခံမှု ရှိခြင်း
4. _____ အာဏာခွဲဝေခြင်း
5. _____ တရားမျှတမှု လက်လှမ်းမီခြင်း
6. _____ လူ့အခွင့်အရေးများ
7. _____ ခွဲခြားဆက်ဆံမှု မရှိခြင်း
8. _____ ဥပဒေ၏ရှေ့မှောက်၌ တန်းတူညီမျှ ရှိခြင်း

a. ၎င်းတို့အားလုံးသည် လူသားများ အဖြစ် မွေးဖွားလာကြသောကြောင့် လူအားလုံးကို ပေးထားသော အခွင့်အရေး
b. ဌာနခွဲများဖြင့် အချင်းချင်း စစ်ဆေး၍ ဟန်ချက်ညီအောင် ပြုလုပ်ထားသော အစိုးရ၏ စနစ်တစ်ခု
c. ခန့်မှန်းနိုင်ပြီး ပွင့်လင်းမြင်သာမှု ရှိသည့် ဥပဒေ
d. မည်သို့ ဆုံးဖြတ်ချက် ချမှတ်သည်ကို ပွင့်လင်းစွာ ရှင်းပြခြင်း
e. ဥပဒေ နှင့် အချက်အလက်ပေါ် မူတည်၍ တရားရုံးမှ လွတ်လပ်စွာ ဆုံးဖြတ်ချက်ချမှတ်သည်။

9. ______ ဆုံးဖြတ်ချက် ချမှတ်ရာတွင်ဘက်လိုက်မှုကင်းမဲ့ခြင်း
10. ______ အများပြည်သူ ပါဝင်နိုင်ခြင်း
11. ______ ဥပဒေရေးရာ သေချာမှု ရှိခြင်း
12. ______ မျှတမှု ရှိခြင်း
13. ______ တရားခွင် သမာသမတ် ရှိခြင်း

f. သာနာညီမျှခြင်း။
g. အစိုးရ၏ လုပ်ဆောင်ချက်များ အပေါ် ပြည်သူများ၏ ဖြည့်သွင်းချက်
h. သင့် အခွင့်အရေးကို သိရှိပြီး ထို အခွင့်အရေးများကို မည်သို့ ကျင့်သုံးရမည်ကို သိသည်။
i. ဘက်လိုက်မှု မရှိဘဲ ဆုံးဖြတ်ချက် ချမှတ်ခြင်း
j. မိမိ၏ အပြုအမူ လုပ်ဆောင်မှုများအတွက် တာဝန်ယူခြင်း
k. လူတိုင်းကို အညီအမျှ ဆက်ဆံခြင်း
l. တရားဥပဒေ၏ ရှေ့မှောက်၌ လူအားလုံး တန်းတူ ညီမျှ ဆက်ဆံရသည်။
m. ဥပဒေ၏ အထက်၌ မည်သူမျှ မရှိ။